# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မှုခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမှု သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၀၉၇)


# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က တည်ခင်းဧည့်ခံသည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊

*စာမျက်နှာ ၃ ကော်လံ ၅* ❖



(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုစဉ်။

## MFF Charity Cup for the Launching of 2020 New Season

## ဘောလုံးပြိုင်ပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကျင်းပပြုလုပ်မည့် MFF Charity Cup for the Launching of 2020 New Season အဖြစ် ရှမ်းယူနိုက်တက် FC အသင်းနှင့် ရန်ကုန်ယူနိုက်တက် FC အသင်းတို့သည် ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့မှ ယင်းနေ့ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အနာဂတ်နိုင်ငံတော်အတွက် လက်ငင်းလုပ်ငန်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြလိုက်သည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များသည် ယနေ့ နိုင်ငံတော်၏ ဦးတည်ချီတက်ရာ ပန်းတိုင်ကို ညွှန်ပြနေပါသည်။

အခြေခံအားဖြင့် ဦးတည်ချက် (၅) ရပ်ဖြစ်ပါသည်။

- တိုင်းရင်းသားအားလုံးတို့၏ စုပေါင်းအင်အား၊
- တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍပြုပြင်ပြောင်းလဲရေး၊
- ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး၊
- နိုင်ငံသူ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ရေးဟူ၍ ဖြစ်၏။

ညီညွတ်ရေးအင်အားကသာ နိုင်ငံ၏အချုပ်အခြာအာဏာ အမှန်တကယ်တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်သောအပြောင်းအလဲကို ဖော်ဆောင်နိုင်မည်ဟု မြန်မာနိုင်ငံသားတို့ ယုံကြည်ကြွေးကြော်ခဲ့ကြပါသည်။ သို့သော်လည်း လက်တွေ့ဘဝတွင် နှစ်ပေါင်းခုနစ်ဆယ်ကျော် ဆင်နွှဲနေရသည့် မဆုံးနိုင်သော ပြည်တွင်းစစ်ကြောင့်နှင့် နိုင်ငံနှင့် ပြည်သူလူထု မှာ ချုံးချုံးကျနေခဲ့ပြီ။ ထို့ပြင် ယခုအခါ မြန်မာနိုင်ငံသည် တံခါးပိတ်နိုင်ငံအဖြစ် မှ သည် ဒီမိုကရေစီအခွင့်အလမ်းများ ပေါ်ထွက်လာမှုနှင့်အတူ နိုင်ငံတကာနှင့် လက်တွဲကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အားယူအရှိန်မြှင့်နေပြီဖြစ်ပါသည်။

သည်လိုအချိန်သည် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုအင်အားကို ပိုမိုလိုအပ်နေပြီး တိုင်းရင်းသားတို့၏ စုပေါင်းအင်အားက နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး၏ အကျိုးအတွက်ဖြစ်သည်ဟု သဘောပေါက်နားလည်ခြင်းဖြင့် ညီညွတ်ရေးကို တည်ဆောက်ကြရမည်ဖြစ်ပေသည်။ တိုင်းရင်းသားတို့၏ စုပေါင်းအင်အားနှင့် ညီညွတ်ရေးအင်အားကသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အာမခံနိုင်သည်ကို သတိမူသင့်ပါပြီ။

ပြည်သူ့ဒီမိုကရေစီ အစိုးရပေါ်ပေါက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားတို့ ဝိုင်းဝန်းကြိုးပမ်းကြစဉ်ကတည်းက ဥပဒေစိုးမိုးရေး၊ တရားမျှတရေး၊ တန်းတူရေး ဟူသည့် ပြည်သူ့သဘောထားများကို ထုတ်ဖော်ခဲ့ကြပါသည်။ ယနေ့ထိတိုင် တရားဥပဒေစိုးမိုးရေးကဏ္ဍတွင်ရော၊ တရားမျှတမှုအရေးတွင်ရော အားနည်းချက်များစွာဖြင့် ရှိနေသည်ဖြစ်ရာ ထိရောက်သည့် လုပ်ဆောင်ချက်များ အရေးတယူပြုမှုများဖြင့် တိုးတက်မှုရှိအောင် အကောင်အထည်ဖော်ကြရန်လည်း လိုအပ်နေပြီဖြစ်ပါသည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူညီရေး၊ တရားမျှတရေး အစရှိသည့် မြန်မာ့လူ့ဘောင်အတွက် အခြေခံအကျဆုံး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုလည်း မဖြစ်မနေ အကောင်အထည်ဖော်ကြရတော့မည် ဖြစ်ပါသည်။ ယနေ့ မြန်မာ့လူမှုအဖွဲ့အစည်း၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်ရေးတို့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူတို့က ပိုင်သည်ဆိုသည့် မူလဘူတတရားကို ဖြည့်ဆည်းရန်လိုပါမည်။ ထို့ပြင် ထိုသို့သော ပြည်သူတို့၏ ဘဝများကို အာမခံသည့် အခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်သကဲ့သို့ ပြည်သူလူထု၏ တာဝန်သိစိတ်နှင့် တာဝန်ယူနိုင်သည့် အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့် ပညာရေး၊ လူမှုရေးအပါအဝင် အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်တို့ကို ဖန်တီးပေးရေးသည်လည်း အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါသည်။

ထိုနည်းတူစွာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟူသည် ဆန်စင်ရာ ကျည်ပွေ့လိုက်၊ ပြဿနာဖြစ်သည်များကို လိုက်လံဖြေရှင်း နေရုံမျှဖြင့် ဖြစ်ပေါ်လာမည် မဟုတ်ပါ။ အစဉ်အဆက် တစ်စစီကြဲပြန့်နေသည့် အခက်အခဲအကျပ်အတည်းများ ပြဿနာများကို တုံ့ပြန်ကုစားနေခြင်းသက်သက်ဖြင့် မဖြစ်နိုင်ပါ။ အနာဂတ်နိုင်ငံတော်၏ စီးပွားရေးဘဝ၊ ပထဝီ၊ ရေမြေသဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု အစရှိသည့် ကဏ္ဍအသီးသီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျဆန်းစစ်ပြင်ဆင်ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားစီမံကိန်းတို့ ရေးဆွဲပြဋ္ဌာန်းသတ်မှတ်ပြီး တာဝန်ခွဲဝေ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါမည်။

သည်လို ရည်မှန်းချက်တို့ကို ချမှတ်ဦးတည်ရင်း လက်တွေ့တွင် ထိထိရောက်ရောက် ဝိုင်းဝန်းအကောင်အထည်ဖော်ကြရေးက နိုင်ငံ၏ ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည်ဟု ယုံကြည်သည့်အတိုင်း တင်ပြလိုက်ရပါကြောင်း။ ။

# နိုင်ငံနှင့် ပြည်သူအတွက် အသက်ကိုပဓာနမထား၊ စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်ကြသူများအား တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်း





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား၌ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် နိုင်ငံနှင့် ပြည်သူအတွက် အသက်ကို ပဓာနမထား၊ စွန့်လွှတ်စွန့်စားစွာ တာဝန် ထမ်းဆောင်ကြသူများအား တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ နိုင်ငံတော်နှင့် ပြည်သူအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို မိမိတို့၏အသက်နှင့် ခန္ဓာကိုယ်ကို မငဲ့ဘဲ ရဲစွမ်းသတ္တိအပြည့်ဖြင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ခဲ့ကြသူများကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းသည့် တန်ဖိုးဂုဏ်ဒြပ် ကြီးမြတ်လှသည့် အခမ်းအနားဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နိုင်ငံတော် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ ကောင်းမြတ်သည့် သမိုင်းစဉ်လာများနှင့်အညီ အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်စွန့်လွှတ်ခြင်းများစွာနှင့် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တပ်မတော်သားများနည်းတူ တပ်မတော်၏ ကာကွယ်ရေးအရန်အင်အားဖြစ်သည့် တပ်မတော်သားများ၏ ပါရမီဖြည့်ဖက် ဇာနည်ရဲမေများသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အသက်ကို ပဓာနမထားဘဲ ထမ်းဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် လူတိုင်း စွန့်နိုင်ခဲ၊ လုပ်ဆောင်နိုင်ခဲသည့် တာဝန်များကို ကျေပွန်စွာ စွန့်လွှတ်လုပ်ဆောင်ခဲ့သူများအတွက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့အခါသမယတွင် ကျင်းပပေးခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးကို ထမ်းဆောင်သည့်နေရာတွင် "အာဇာနည်ဟူသည် အသက်ကို ခင်တွယ်ရိုးထုံးမရှိ၊ အာဇာနည်ဟူက အသက်ကို စွန့်မြဲတည်း" ဆိုသည့် အာဇာနည်စိတ်ဓာတ်မွေးပြီး အရိုးကျေကျေ အရေခန်းခန်း သက်စွန့်ကြိုးပမ်းသူများသည် မိမိတို့တပ်မတော်တွင် စဉ်ဆက်မပြတ် ပေါ်ထွန်းခဲ့သောကြောင့်လည်း ယနေ့ချိန်ထိ မြန်မာနိုင်ငံဟူ၍ ကမ္ဘာ့အလယ်တွင် ခံ့ခံ့ထည်ထည် ရပ်တည်နေနိုင်ခြင်းပင်ဖြစ်ကြောင်း။

ယခုအခမ်းအနားမှာ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူ ၁၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ သုံးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ခြောက်ဦးတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၀ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၈ ဦးတို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းမှူးများက တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းခံကြသူများသည် တိုင်းပြည်နှင့် လူမျိုးအတွက် ကြုံတွေ့ရသမျှ အခက်အခဲများကို အမှုမထားဘဲ အသက်နှင့် ခန္ဓာကို စွန့်လွှတ်ပြီး ပြောင်မြောက်သည့် သူရသတ္တိများနှင့် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ဆောင်ရွက်မှု၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်၊ ခိုင်မာမြဲမြံသော သန္နိဋ္ဌာန်စိတ်ဓာတ်များနှင့် တာဝန် ထမ်းဆောင်မှုများအတွက် အထူးပင်ဂုဏ်ယူမိပါကြောင်းနှင့် ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း စွမ်းဆောင်ခဲ့ကြသူများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရာတွင် စွန့်လွှတ်စွန့်စား၍ အသက်ကိုပဓာနမထားဘဲ အမိနိုင်ငံတော်နှင့် ပြည်သူ၊ ပြည်သားများအတွက် ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် မတွန့်မဆုတ် ဦးဆွေးဆံမြည့် ကျေပွန်အောင်မြင်အောင် ထမ်းဆောင်ပြီး နိုင်ငံတော်က အားထားရသော၊ ပြည်သူလူထုက အားကိုးရသော မျိုးချစ်တပ်မတော်သားကောင်း ဇာနည်များဖြစ်အောင် အစဉ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး နှစ်ဦး၊ ဗိုလ်မှူး သုံးဦး၊ ဗိုလ်ကြီး နှစ်ဦး၊ တပ်ကြပ်ကြီး နှစ်ဦးနှင့် အမွေခံ ခြောက်ဦးတို့အား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရရှိသူများဖြစ်ကြသည့် ဗိုလ်မှူးကြီး နှစ်ဦးနှင့် ဗိုလ်မှူး တစ်ဦးတို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်ကြီး လေးဦးနှင့် အမွေခံ တစ်ဦးတို့အားလည်းကောင်း သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်နှင့် လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းခံရသူများနှင့် အခမ်းအနား တက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့တွင် သီဟသူရဘွဲ့ရရှိသူ တစ်ဦး၊ သူရဘွဲ့ရရှိသူ သုံးဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုးဦးတို့ဖြစ်ရာ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိသူ စုစုပေါင်းအနေဖြင့် အောင်ဆန်းသူရိယဘွဲ့ ခြောက်ဦး၊ သီဟသူရဘွဲ့ ၄၉ ဦး၊ သူရဘွဲ့ ၅၄၅ ဦး၊ သီဟဗလတံဆိပ် ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၁၈၆၀ ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ် ၂၀၁၁ ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် ၃၃၇ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၂၈၈၉ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် နှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၇၁၃ ဦးတို့ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်သည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်သည်တော်များ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်






❖ *ရှေ့ဖုံးမှ*

ဦးကျော်တင်နှင့် ၎င်းတို့၏ ဇနီးများက ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများကို ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ည ၇ နာရီတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**တက်ရောက်**

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စု

*စာမျက်နှာ ၄ သို့*

# အောင်ဆန်းခန်းမအား ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**လှိုင်းဘွဲ့ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အောင်ဆန်းခန်းမဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အောင်ဆန်းခန်းမအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦးနှင့် ဒေါ်နန်းမိုးမိုးထွေး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အောင်ဆန်းခန်းမဖွင့်ပွဲ အထိမ်းအမှတ် အလံများအား လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းဦးက ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးက အောင်ဆန်းခန်းမ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့နယ်ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသာဒင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအောင်ဆန်းခန်းမကို ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၉၆ သန်းဖြင့် ထူးမြတ်ဂုဏ်ကုမ္ပဏီက တာဝန်ယူ၍ အလျား ပေ ၇၀၊ အနံ ပေ ၁၆၀၊ အမြင့် ၁၅ ပေ ရှိသော ခန်းမကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ အကြီးစားပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး အောက်တိုဘာ ၈ ရက်တွင် ပြီးစီး၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးထံမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

စာမျက်နှာ ၃ မှ
ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ဒေါက်တာ စိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော် ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ ရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စား လှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ သံအမတ်ကြီး များ၊ နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများနှင့် ၎င်းတို့၏ မိသားစု များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### မီးရှူးမီးပန်း ပစ်ဖောက်ဂုဏ်ပြု

(၇၂)နှစ်မြောက် လွတ်လပ်ရေး နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တွင် မီးရှူးမီးပန်းများ ပစ်ဖောက် ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီ နှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ညွှတ်ခံဖျော်ဖြေ တင်ဆက်ကြသည်။

### ဖျော်ဖြေတင်ဆက်

ညစာစားပွဲအပြီးတွင် နိုင်ငံတော် သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်သည်တော် များသည် မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# ဟားခါးမြို့၌ လွတ်လပ်ရေးနေ့ဂုဏ်ပြု ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး(အဝေးပြေး)ကားဂိတ် ဖွင့်ပွဲကျင်းပ

ဟားခါး ဇန်နဝါရီ ၄

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုဖွင့်လှစ်သည့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး(အဝေးပြေး) ကားဂိတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် ဟားခါး-ဂန့်ဂေါကားလမ်းမကြီးရှိ အဝေးပြေးကားဂိတ်သစ်နေရာတွင် ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**



အစီအစဉ်အရ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး (အဝေးပြေး)ကားဂိတ်သစ် အဆောက်အဦအား ချင်း ပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတိတ်ထန်း၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးစိုးထက်နှင့် မြို့မိမြို့ဖ ဦးငွန်ဆန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာကို ချင်းပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ယင်းနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်း လျန်လွယ်က ချင်းပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက် စေရန်အတွက် စီမံချက်များရေးဆွဲ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိရာ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ဟားခါးမြို့သည် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သောကြောင့် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာစေရေး ရည်ရွယ်လျက် ယာဉ်ရပ်နား စခန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ မှ ခရီးသည်များ ဝင်ရောက်လာကြမည်ဖြစ်ရာ ခရီးသွားများ အဆင်ပြေလွယ်ကူစေရေး၊ ပတ်ဝန်းကျင်သာယာလှပရေး၊ ကားဂိတ်လုပ်ငန်းရှင်များနှင့် ဆက်စပ်လျက်ရှိသော နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကားပြောကြား သည်။

ဆက်လက်ပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ် နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး(အဝေးပြေး)ကားဂိတ် အဆောက် အဦနှင့် ယာဉ်ရပ်နားစခန်းများ ဆောက်လုပ်မှုနှင့်ပတ်သက် ၍ ရှင်းလင်းပြောကြားပြီးနောက် CPC (ချင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီ)မှ တာဝန်ရှိသူတစ်ဦးက အဝေးပြေး ကားဂိတ်ဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်၍ ပြည်သူလူထု ကိုယ်စား ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက် လာကြသူများက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး (အဝေးပြေး)ကားဂိတ်သစ် အဆောက်အဦနှင့် ယာဉ် ရပ်နားစခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# လွယ်ဂျယ်မြို့၌ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

**လွယ်ဂျယ် ဇန်နဝါရီ ၄**

၂၀၂၀ ပြည့်နှစ် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က ကချင်ပြည်နယ် မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝင်းအတွင်း ကျင်းပခဲ့သည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်း က ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်း နှင့်အဖွဲ့၊ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရှမ်း၊ ကချင်၊ လီဆူ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အ.ထ.က ကျောင်းမှ ဆရာ ဆရာမများ၊ (NGOs) အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ စုံညီစွာတက်ရောက်ခဲ့ကြပြီး လွတ်လပ် ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများမှ ဆုရရှိသူများကို ဆုများပေးအပ် ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**သန့်ဇင်(၁၀၅)မိုင်၊ ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



# လွတ်လပ်ရေးနေ့အခမ်းအနား အင်းစိန်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့ အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်းဝင်းရှိ ဘောလုံးအားကစားကွင်း မြက်ခင်းပြင် စင်မြင့်ထက်၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အင်းစိန်) မှ ဦးဆောင်၍ နိုင်ငံတော်အလံအား လွှင့်ထူပေးခဲ့သည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ်(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်း အနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းအောင် က ဖတ်ကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အဖြစ် မီနီမာရသွန်အားကစားပြိုင်ပွဲ ကျင်းပပြီး ဆုများချီးမြှင့်ကြောင်း သိရသည်။

**ဉာဏ်လင်း**



(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

❑ *ကျောဖုံးမှ*

အခမ်းအနားကို ကျင်းပရာအလံတင် တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

**အလေးပြုပွဲ အခမ်းအနားကျင်းပ**

ထို့နောက် နံနက် ၆ နာရီတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများသည် သတ်မှတ်စုရပ်အသီးသီးမှ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**အလေးပြုခြင်းကို ခံယူ**

ထို့နောက် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

**သစ္စာလေးချက်ရွတ်ဆို**

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

**နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်မှ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာကြသူများအား ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ကွပ်ကဲဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ပြန်လည်နေရာချထားရေးဆိုင်ရာ ဆက်စပ်ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်းကိုလည်း ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို စိစစ်၍ ဗဟိုကော်မတီထံသို့တင်ပြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ(၂)ရပ်ကို ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းကော်မတီနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီများဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ(၂)ရပ်လုံးက တက်ညီလက်ညီဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှသာ လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်မည် ဖြစ်ပါကြောင်း။

**အရှိန်အဟုန်မြှင့်ရန် လိုအပ်**

နှစ်နိုင်ငံ သဘောတူစာချုပ်အတိုင်းမဟုတ်ဘဲ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာကြသူများလည်း ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများအတွက် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးသည် အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားနပ်ရိက္ခာများ၊ အဝတ်အထည်များနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်း မိမိတို့ဝန်ကြီးဌာနက ထောက်ပံ့ပေးလျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခြင်းမရှိဘဲ နေရပ်စွန့်ခွာကြရသူများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုအရှိန်အဟုန်မြှင့်ရန် လိုအပ်သကဲ့သို့ ဆောင်ရွက်ပြီးစီးမှုများကိုလည်း တင်ပြဆွေးနွေးစေလိုပါကြောင်း။

UEHRD အစီအစဉ်ဖြင့် ဦးစားပေးလုပ်ငန်းစဉ်များ သတ်မှတ်ပြီး ပြန်လည်နေရာချထားရေးဆောင်ရွက်လျက်ရှိသည့် ကိစ္စများကိုလည်း ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အာဆီယံနိုင်ငံများက ပံ့ပိုးနိုင်မည့် ဦးစားပေးလုပ်ငန်း (၇)ခုကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံ ညှိနှိုင်းရေးမှူးရုံး (AHA Centre) နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ထိုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ စိန်ခေါ်မှုများ၊ အခက်အခဲများရှိသော်လည်း နှစ်နိုင်ငံ သဘောတူညီ စာချုပ်အတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်း ကြပ်မတ် ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ပြန်လည်ဝင်ရောက်လိုသူများရှိသော်လည်း နှစ်နိုင်ငံသဘောတူစာချုပ် နည်းလမ်းအတိုင်းမဟုတ်သည့် ကိစ္စများလည်းရှိနေကြောင်း။

**နည်းလမ်းများရရှိရေး ဆွေးနွေး**

အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများရရှိရေးစဉ်းစားဆွေးနွေးကြမည် ဖြစ်ကြောင်း၊ ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို အတည်ပြုချမှတ်ပြီးဖြစ်ရာ လက်ရှိ IDP စခန်းများကို စနစ်တကျ ပိတ်သိမ်းနိုင်တော့မည်ဖြစ်ပြီး မဟာဗျူဟာပါ လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ကြသည့် ဝန်ထမ်းများ၏ လုံခြုံရေးနှင့် အခက်အခဲများကိုလည်း တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးကြရန်လည်း လိုပါကြောင်းနှင့် ကော်မတီ၏လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စည်းရုံးခြင်းဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ပူးတွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်ဘက်က ပေးပို့လာသည့် အမည်စာရင်းအား စိစစ်ပြီးစီးမှု၊ UEHRD အစီအစဉ်ဖြင့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များ၊ ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏မူလနေရာ၊ မူလနေရာနှင့် အနီးစပ်ဆုံးကျေးရွာများနှင့် ၎င်းတို့သဘောတူညီရွေးချယ်သော နေရာများတွင် ပြန်လည်နေရာချထားပေးရန် စီစဉ်ထားရှိမှု အခြေအနေများ၊ မိမိသဘောဆန္ဒအလျောက်ပြန်လည်ဝင်ရောက်လာသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရနှင့် UNDP / UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာမူဘောင်အောက်တွင် ထည့်သွင်းဆောင်ရွက်သင့်သည် Medium Term Project များနှင့် စပ်လျဉ်းသည့်ကိစ္စများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ASEAN ERAT ၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်မှုတိုးတက်မှု အခြေအနေများ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အပ်နှင်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၂၀**
**၁၃၈၁ ခုနှစ် ၊ ပြာသိုလဆန်း ၁၀ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည် -

*(ယမန်နေ့မှအဆက်)*

### ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒသိရီ၊ ဓမ္မဒီပကျောင်းတိုက်၊ ရပ်ကွက်ကြီး (၇)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဓမ္မဓရတော်ဝင်ကျောင်းတိုက်၊ ရန်ကင်းတောင်ရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကောသလ္လ၊ ဓမ္မစေတီထေရဝါဒသာသနာပြုကျောင်း၊ အမှတ် ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဒေါက်တာဘဒ္ဒန္တဝေပုလ္လဇောတိ၊ သာသနဝေပုလ္လဓမ္မရိပ်သာကျောင်း၊ လင်းလွန်း (တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တပညာဝံသ၊ ရွာသာကျောင်းတိုက်၊ ရွာသာကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိမလ၊ အင်္ဂါဒေါင့်ဓမ္မာစရိယကျောင်း၊ ရွှေမင်းဝန်ကျောင်းတိုက်၊ အမှတ်(၄)နယ်မြေ၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါက်တာဘဒ္ဒန္တဝေဠုရိယ၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပွဲရပ်ကွက်၊ မြစ်သားမြို့၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသူရိယဓဇ၊ စေတျာရာမဓမ္မရိပ်သာကျောင်းတိုက်၊ ကိုင်းရှည်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်
၆။ ဘဒ္ဒန္တဘဒ္ဒိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ခိုကဲကျေးရွာ၊ မိုင်းယောင်းမြို့နယ်၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၇။ ဘဒ္ဒန္တသုဘန (စုစန်းလီ)၊ မြောက်မင်စီသာသနာပြုကျောင်း၊ မယ်ဆိုင်မြို့၊ ထိုင်းနိုင်ငံ

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇိန္ဒ၊ ဆုထူးပန်ကျောင်းတိုက်၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပဏ္ဍဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်နောက်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တဇောတိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တရာဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အမှတ်(၁) ရပ်ကွက်၊ ရိခေါဒါရ်မြို့၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်
၅။ ဘဒ္ဒန္တဥတ္တမ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မ(၁၁)ရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်
၆။ ဘဒ္ဒန္တကုသလ၊ သာစည်ပရဟိတအုတ်ကျောင်းတိုက်၊ သာစည်စံပြကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပညာဝံသ၊ မဟာဗောဓိမြိုင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဇဝနတိက္ခ၊ အင်္ဂမော်ကျောင်းတိုက်၊ အင်္ဂမော်စံပြကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဉာဏဝံသ၊ ခင်ဝိုင်းကျောင်းတိုက်၊ ခင်ဝိုင်းကျေးရွာ၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသေဋ္ဌိလ၊ မဟာသုဒဿနာရာမကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ ကျီးတောင်တောရကျောင်းတိုက်၊ တောင်သူစုကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဉာဏိန္ဒသာရ၊ မဇ္ဈိမာရုံပါရမီစာသင်တိုက်၊ အမှတ်(၂) ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဓမ္မာစာရ၊ ကျောင်းကြီးကျောင်းတိုက်၊ ကျောင်းတော်ရာကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တတိလောက၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ဈေးလယ်စိုးရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တသီလာစာရာဘိဝံသ၊ ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တနရပတိ၊ သဲဖြူပရိယတ္တိစာသင်တိုက်၊ အမှတ် ( ၃ ) ရပ်ကွက်၊ ငါန်းဇွန်မြို့၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တသုန္ဒရ၊ မဟာဗောဓိကျောက်ဂူတောရကျောင်းတိုက်၊ ဇီးပင်ကြီးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဥပါလိ၊သာသနဝေပုလ္လာရာမကျောင်းတိုက်၊ ကော့ခပုံစံပြကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၁၉။ ဘဒ္ဒန္တကလျာဏ ၊ ပုဗ္ဗါရုံကျောင်းတိုက် ၊ (၆)မိုင်ရပ်ကွက် ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၂၀။ ဘဒ္ဒန္တဇာဂရ၊ တောင်ပေါ်မဟာရင်ကျောင်းတိုက်၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၂၁။ ဘဒ္ဒန္တအာစာရ၊ မဟာမရမ်းချိုဘေးမဲ့တောရကျောင်းတိုက်၊ ဖက္ကလိပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၂၂။ ဘဒ္ဒန္တဝရဇောတိ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မင်းဂံရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၂၃။ ဘဒ္ဒန္တဝိဇယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မောရဝတီကျေးရွာ၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်
၂၄။ ဘဒ္ဒန္တကိတ္တိသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဒုံးသိမ်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်
၂၅။ ဘဒ္ဒန္တသုနန္ဒ၊ ဖော့ကန်ဝါဒူးပရိယတ္တိစာသင်တိုက်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တဉာဏောဘာသဝံသ၊ မိုးကုတ်ဝိပဿနာသဇင်ရေကျော်ကျောင်းတိုက်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဓမ္မရောင်ခြည်စာသင်တိုက်၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တကိတ္တိဝရ၊ သိမ်တောင်တိုက်သစ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တပညာဓဇ၊ သာယာကုန်းပြသာဒ်ကျောင်းတိုက်၊ အမှတ် ( ၂ ) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တကေတုမာလာ၊ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်၊ ဆင်ခြံကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တပဏ္ဍဝံသ၊ အောင်ဇမ္ဗူတောရဓမ္မရိပ်သာကျောင်းတိုက်၊ ရေပြာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ဗောဓိရိပ်ငြိမ်တောရရိပ်သာ ကျောင်းတိုက်၊ ဝါးနက်ချောင်းကြီးစံပြကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တအရိယဝံသ၊ ဆုတောင်းပြည့်အောင်တော်မူပရိယတ္တိစာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၃၅။ ဘဒ္ဒန္တနာဂသေနာဘိဝံသ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ မြောက်ပိုင်းရပ်ကွက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်
၃၆။ ဘဒ္ဒန္တဝိလာသ၊ မဟာဝန်မြို့လယ်ကျောင်းတိုက်၊ "ဝ" အထူးဒေသ(၂)၊ ပန်ဆန်းမြို့၊ ရှမ်းပြည်နယ်
၃၇။ ဘဒ္ဒန္တပညာသိရီဘိဝံသ၊ တပ်ဦးဥတ္တရာရုံပရိယတ္တိစာသင်တိုက်၊ စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၃၈။ ဘဒ္ဒန္တသဇ္ဇန၊ ဘုရားကြီးအနောက်ကျောင်းပရိယတ္တိစာသင်တိုက်၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၃၉။ ဘဒ္ဒန္တဝိစိန္တာ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်
၄၀။ ဘဒ္ဒန္တခေမာနန္ဒ၊ အောင်မြေဘုံစံသာမဏေကျော်ကျောင်းတိုက်၊ စိန်ပန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၄၁။ ဘဒ္ဒန္တပဏ္ဍဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ပါနိမ့်ကျေးရွာ၊ မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်
၄၂။ ဘဒ္ဒန္တဉာဏောဘာသ၊ နမ့်လန်မဇ္ဈိမာရာမ(လယ်)စာသင်တိုက်၊ မန်လီကျေးရွာ၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်
၄၃။ ဘဒ္ဒန္တဝါသဝ၊ သီရိမင်္ဂလာသိမ်ကျောင်းတိုက်၊ ချောင်းတွင်းကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၄၄။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာတာကျောင်းတိုက်၊ သောင်ကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၄၅။ ဘဒ္ဒန္တစန္ဒဝရ၊ ဇေယျမေဒနီကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၄၆။ ဘဒ္ဒန္တပညာသာရ၊ မဟာစေတျာရာမဘုရားကြီးကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၄၇။ ဘဒ္ဒန္တဝိသုဒ္ဓ၊ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်းတိုက်၊ ပန်းပုကွင်းကျေးရွာ၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၄၈။ ဘဒ္ဒန္တစက္ကိန္ဒ၊ သီရိရတနာကျောင်းတိုက်၊ ဖီလာဒဲဖီးယားမြို့၊ ပန်ဆယ်ဗေးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
၄၉။ ဒေါက်တာဘဒ္ဒန္တနန္ဒ၊ သက်ဿနဂိုရ်မြန်မာကျောင်းတိုက်၊ ဖရုခါဘဒ်ခရိုင်၊ ယူ - ပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။

### မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတိဿ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကဘာရန်ခူးရပ်ကွက်၊ ဆွမ်ပရာဘွမ်မြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တနန္ဒိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ၊ ငွေတောင်ရွာသစ်ကျေးရွာ၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကော့ပလံကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တဓမ္မိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရှစ်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၅။ ဘဒ္ဒန္တသုဒဿန၊ မြန်အောင်ကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဒေါက်တာဘဒ္ဒန္တကုဏ္ဍလ၊ ရတနက်ရကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တကုန္ဒဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လက်ပံချောင်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဒေါက်တာဘဒ္ဒန္တသောဘိတ၊ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တသုဇနိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆော်လော်နောက်အင်းကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝေပုလ္လသိရီ၊ မျိုးဆက်သစ်ရွှေကျောင်းကြီးကျောင်းတိုက်၊ ဘူးကိုင်းစံပြကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဉာဏသီရိ၊ မော်တောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပြင်းငယ်ကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဉာဏိဿရိယ၊ ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရွှေမြို့ကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၁၃။ ဘဒ္ဒန္တစန္ဒိမာ၊ တောင်နီလေးကျောင်းတိုက်၊ ဆင်ဖြူရှင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၁၄။ ဒေါက်တာဘဒ္ဒန္တအဂ္ဂဝံသ၊ မြမန္တလာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မန္တလေးအထက်ကျောင်းတိုက်၊ ဖအောင်ဝဲရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တကုန္ဒက၊ အောင်ပြည်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျိုက်ပေါကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တဝါသေဋ္ဌသာရ၊ စတုဘုမ္မိကနဂါးပရိယတ္တိစာသင်တိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တသောမ၊ သုခဝတီကျောင်းတိုက်၊ သံရွာ(အနောက်)ကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တအာဒိစ္စ၊ ဇေတဝန်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ် (၃) ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဒေါက်တာဘဒ္ဒန္တအာနန္ဒာ၊ ကျားဂူတောရကျောင်းတိုက်၊ ဇီးပင်ကြီးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဇဋိလ၊ ကုသိုလ်တော်ရိပ်သာပရိယတ္တိစာသင်တိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တဝိသဒဉာဏ၊ အေးကမ္ဘာရိပ်သာကရင်စုကျောင်းတိုက်၊ မိုးနိုင်းရပ်ကွက်၊ ပေါင်မြို့၊ မွန်ပြည်နယ်
၂၂။ ဘဒ္ဒန္တသုဓမ္မ၊ ဓမ္မဒူတသုခိတာရုံကျောင်းတိုက်၊ ကျိုက်ကော်ရပ်ကွက်၊ သုဝဏ္ဏဝတီမြို့၊ သထုံမြို့နယ်၊ မွန်ပြည်နယ်
၂၃။ ဘဒ္ဒန္တရာဇိန္ဒ ၊ မြို့မကုသိနာရုံပရိယတ္တိစာသင်တိုက်၊ တောင်ပိုင်းရပ်ကွက်၊ မြေပုံမြို့၊ ရခိုင်ပြည်နယ်
၂၄။ ဘဒ္ဒန္တမဏိသာရ၊ အောင်မြေဗောဓိသာသနာ့ရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်၊ အမှတ်(၄) ရပ်ကွက်၊ မောင်တောမြို့၊ ရခိုင်ပြည်နယ်
၂၅။ ဘဒ္ဒန္တအရိယဝံသ၊ ရွှေစေတီပရိယတ္တိစာသင်တိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၂၆။ ဘဒ္ဒန္တဥတ္တရဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရဂူရွာဟောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်
၂၇။ ဘဒ္ဒန္တဂါရဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဘားဝေကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်
၂၈။ ဒေါက်တာဘဒ္ဒန္တ ပညာစက္က၊ သီတဂူပရိယတ္တိစာသင်တိုက်၊ မြရတနာမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တဝိဇယ၊ မူလသံယုတ်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တဥတ္တရ၊ မိုးကုတ်မဂ္ဂင်ကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တတိက္ခဉာဏ၊ မဟာသုမနာရာမပရိယတ္တိစာသင်တိုက်၊ ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တမာနိတ၊ ကျိုက္ကစံဝေဠုဝန်ရွှေကျောင်တိုက်၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၃၃။ ဘဒ္ဒန္တကုဏ္ဍလ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တမဏိဇောတ၊ အောင်မြေဇေယျာမဏိဇောတာရာမစာသင်တိုက်၊ အမှတ် (၁၀) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဝိမလ၊ အောင်သာကုန်းကျောင်းတိုက်၊ ရေစက်တောင်ကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ၊ သံဃတက္ကသိုလ် (ပြည်တွင်း၊ ပြည်ပ) သာသနာပြုဌာန၊ အမှတ်(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တဝေပုလ္လ၊ မန်ချူးတပ်ဦးကျောင်းတိုက်၊ မန်ချူးကျေးရွာ၊ လောက်ကိုင်မြို့နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်
၃၈။ ဘဒ္ဒန္တခေမိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း၊ ဝမ်ပျန်ရပ်ကွက်၊ မိုင်းခတ်မြို့၊ ရှမ်းပြည်နယ်
၃၉။ ဘဒ္ဒန္တစန္ဒာဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တာပင်းကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်
၄၀။ ဘဒ္ဒန္တတေဇောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စံပြကျေးရွာ၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်
၄၁။ ဘဒ္ဒန္တကုသလ၊ ရတနာပုံအောင်သုခပရိယတ္တိစာသင်တိုက်၊ စဝ်စံထွန်း ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၄၂။ ဘဒ္ဒန္တနန္ဒိယ၊ စိတ္တသုခကျောင်းတိုက်၊ ကမ္ဗန္တာကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၄၃။ ဘဒ္ဒန္တသုဇာတ၊ မြတ်မေ်ာတင်ကျောင်းတိုက်၊ ဇီးချိုင့်ကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၄၄။ Ven. Shi Chun Fa ၊ ရွှယ်ထုံးဘုရားကျောင်း၊ ကူမင်းမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၄၅။ ဘဒ္ဒန္တသာသန၊ သာသနစင်တာကျောင်းတိုက်၊ 8E, Hanley House, 68–80, Carton Road, Tsim Sha Tsui, Hong Kong ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၄၆။ Ven.Hu Ba Ti Ka Da Xi ၊ လင်းစံကျင်းလုံဘုရားကျောင်း၊ လင်းစံမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၄၇။ ဘဒ္ဒန္တဥက္ကံသာစာရ၊ ဗုဒ္ဓသာသနကျောင်းတိုက်၊ F4, Bl1, EDIF IAO HEI, 95 RUA KUN IAN TONG, MACAU ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၄၈။ Ven. Ma Xin De ၊ စစ်ဆောင်ပန်နဖာကျူဘုန်းတော်ကြီးကျောင်း၊ စစ်ဆောင်ပန်နမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၄၉။ Ven.Phra Khrusamu Jarin Ratanawanno ၊ ဓမ္မကာယကျောင်းတိုက်၊ ၂၃/၂မူး(၇)၊ ခလောက်ဆန်၊ ခလောက်လောင်းခရိုင်၊ ပထုံဌာနီ၊ ထိုင်းနိုင်ငံ
၅၀။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ အောင်ချမ်းသာဗုဒ္ဓဘာသာ မြန်မာကျောင်း၊ လော့စ်အိန်ဂျယ်လိစ်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
၅၁။ ဒေါက်တာဘဒ္ဒန္တမဏ္ဍလ၊ ဆေးဝက်ဘာမြန်မာကျောင်း၊ ဗာရာဏသီမြို့၊ အိန္ဒိယနိုင်ငံ
၅၂။ ဒေါက်တာဘဒ္ဒန္တတေဇိန္ဒ၊ မူလမြန်မာကျောင်းတိုက်၊ ဗုဒ္ဓဂယာမြို့၊ ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ

## သီလရှင်ဆရာကြီးများ

၅၃။ ဒေါ်ဆေကဝတီ၊ ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိ၊ ပဋိပတ္တိ၊ ပရဟိတသီလရှင်စာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၄။ ဒေါက်တာဒေါ်ပညာသိရီ၊ သဗ္ဗညုပုထိုးတော်ကြီးနှင့် ဓမ္မေသကစာသင်တိုက်၊ အမှတ်( ၅ ) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၅။ ဒေါ်အဂ္ဂစာရိဏီ၊ သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်၊ အမှတ် (၅၁)ရပ်ကွက် ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး
၅၆။ ဒေါ်ဥပ္ပလထေရီ၊ ရွှေမောင်းသီလရှင်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

## လူပုဂ္ဂိုလ်များ

၅၇။ ဦးဗိုလ်မောင်မြင့်၊ ရွာလယ်လမ်း၊ ကျားတက်စံပြကျေးရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၈။ ဦးမြဝင်း၊ အမှတ်(၃၉/၄၁)၊ အကွက် ( ၁၃ )၊ မဟာနဒီလမ်း ၊ ဒေါနဘွား ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅၉။ ဒေါက်တာစိုးလွင်၊ အမှတ်(၆၆/ဆ)၊ ၁၉ လမ်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆၀။ ဦးပန်းမွှေး၊ အမှတ်(၂၉၂/၆)၊ ယူကလစ်မြိုင်လမ်း၊ အမှတ်(၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၁။ ဒေါက်တာခင်ရွှေ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၂။ ဦးယုမောင် (ခ) ဦးအမ်းယုမောင်၊ အမှတ်(၄)၊ ရေကျော်လမ်း၊ အမှတ်(၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၃။ ဒေါက်တာထွန်းထွန်းဦး၊ အမှတ်(၁၉)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၄။ ဒေါက်တာမိုးတင်၊ အမှတ်(၁၁၁)၊ သံလွင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၅။ ဦးခွန်ထွန်းလူ ( ခ ) ဦးဒီကီ၊ အမှတ်(၁)၊ စောမဟာလမ်း၊ မန်ကောင်း ရပ်ကွက်၊ ဟိုပန်မြို့၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၊ ရှမ်းပြည်နယ်

## သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တသုဇာတ၊ ပညာတံခွန်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း ၊ ဟန်းတဲရပ်ကွက် ၊ ဗန်းမော်မြို့ ၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တကုသလာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်ပက်ကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တပညာဇောတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း၊ ကယားပိုင်းရပ်ကွက်၊ ဘောလခဲမြို့၊ ကယားပြည်နယ်
၄။ ဘဒ္ဒန္တဝိလာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုံးဖုံးကျေးရွာ၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်
၅။ ဘဒ္ဒန္တဥတ္တမ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆင်းမဆန်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၆။ ဘဒ္ဒန္တဓမ္မိသရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ထင်ချောင်းကျေးရွာ၊ မင်းတပ်မြို့နယ် ၊ ချင်းပြည်နယ်
၇။ ဘဒ္ဒန္တစန္ဒာဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျွန်းတောရှေ့ရှင်ကျေးရွာ၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဥတ္တမ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပဒူးမုန်းရွာသစ်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တသုမန၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသောဘိတ၊ ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၊ ညောင်ဇင်စံပြကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကိတ္တိသာရ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ ကိုးခန်းဘုရားကြီးကျောင်းတိုက်၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၃။ ဘဒ္ဒန္တဝိမလ၊ ဝါဆိုကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၊ ရွာမမြောက် ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တတေဇနိယ၊ ဓမ္မိကာရုံစာသင်တိုက်၊ ဘုရားကလေးစံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တပညာဝံသ၊ ဇမ္ဗူရတနာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ သံတံတားရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တနရပတိ၊ ပြည်လုံးချမ်းသာဘုရားကြီးကျောင်းတိုက်၊ အမှတ်(၃) ဝါဆိုရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တအဇ္ဇဝါစာရ၊ လုံဟောကျောင်းတိုက်၊ လုံဟောကျေးရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တသမ္မာစာရ၊ လက်ပြရွာဦးမင်းကျောင်းတိုက်၊ အမှတ် (၂) ရပ်ကွက်၊ ကံမမြို့၊ မကွေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တနေမိန္ဒ၊ ငါးဆင့်ပရဟိတဘုန်းတော်ကြီးကျောင်းတိုက်၊ ရွှေအိုး( ၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တခေမာစာရ၊ သာသနာ့ဗိမာန်ကျောင်းတိုက်၊ ဆင်လမ်းကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တဝေပုလ္လ၊ ဝေပုလ္လာရာမကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တတေဇနိယ၊ ချမ်းသာရဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ မဟာမြိုင် ( ၂ )ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တပညာဇောတ၊ မရမ်းကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်
၂၄။ ဘဒ္ဒန္တဉာဏဝံသ၊ ကျိုက်ပရန်ကျောင်းဟောင်းကျောင်းတိုက်၊ ကျိုက်ပရန်စံပြကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်
၂၅။ ဘဒ္ဒန္တကေတုဝါရ၊ ယာဝဘောဇနကျောင်းတိုက်၊ မြို့မ ( ၄ ) ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၂၆။ ဘဒ္ဒန္တနန္ဒမာလာ၊ ရင်ပြင်တော်ကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၂၇။ ဘဒ္ဒန္တပညာဓိက၊ မြို့ဦးကျောင်းတိုက်၊ လေယာဉ်ကွင်းရပ်ကွက်၊ အမ်းမြို့၊ ရခိုင်ပြည်နယ်
၂၈။ ဘဒ္ဒန္တသူရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖားကြွယ်ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်
၂၉။ ဘဒ္ဒန္တဃောသိတ၊ ချမ်းသာကြီးကျောင်းတိုက်၊ အမှတ်( ၃ )ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တကုသလ၊ အောင်ဇမ္ဗူကျော်ပရဟိတစာသင်တိုက်၊ ၇ / အနောက် ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တသောဘန၊ တောင်ပုလုကျောင်းတိုက်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တနေမိန္ဒ၊ မာဂဓီ–သာစည်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်( ၁၃ ) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဒေါက်တာဘဒ္ဒန္တဓမ္မသာရ၊ ရွှေစေတီဝိစာရဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်( ၁၈ ) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တသောဘိတ၊ ရွှေမြယာကျောင်းတိုက်၊ ရွှေမြယာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဇေယျသေန၊ နန်းဦးကျောင်းတိုက်၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တကေသရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းခွန်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်
၃၇။ ဘဒ္ဒန္တသုမန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟောမိုးလုံကျေးရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်
၃၈။ ဘဒ္ဒန္တကဝိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း၊ အမှတ်( ၈ ) ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်
၃၉။ ဘဒ္ဒန္တသီရိဓမ္မ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း၊ ပိန်းဆန်းရပ်ကွက်၊ မိုင်းပျဉ်းမြို့၊ ရှမ်းပြည်နယ်
၄၀။ ဘဒ္ဒန္တပညာသိရီ၊ ဓမ္မဒီပရွာဦးကျောင်းတိုက်၊ ကျုံရှကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တဝါယမ၊ ကန်လှကျောင်းတိုက်၊ အမှတ်( ၆ )ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တစန္ဒောဘာသ၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်၊ အမှတ်( ၁၀ ) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၄၃။ Ven. Samdech Preah Uddom Vongsa MOUNGRA , Wat Monybrase– thivong ဘုန်းတော်ကြီးကျောင်း၊ ဖနောင်ပင်မြို့၊ ကမ္ဘောဒီးယားနိုင်ငံ
၄၄။ Ven. Qianze, Qixia ကျောင်းတိုက်၊ ကွေ့လင်မြို့၊ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၄၅။ Ashin Jina Rakkhita Thero , Bodinana Meditation Center, Bangabandhu Road, Ashulia, Dhaka၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ
၄၆။ ဘဒ္ဒန္တပညာစက္က၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ ဒါးမရိုက်ရပ်ကွက်၊ ဒါးမရိုက်မြို့နယ်၊ ဒါကာမြို့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

## သီလရှင်ဆရာကြီးများ

၄၇။ ဒေါ်ကုလစာရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၊ ရန်နွေးကျေးရွာ၊ လေရှီးမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
၄၈။ ဒေါ်ခေမာသီရီ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ကုန်းတလပေါင် စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၉။ ဒေါ်သေဇိနီ၊ မေတ္တာသီတဂူမိန်းကလေးပရဟိတသီလရှင်ကျောင်း၊ မြေတိုင်း (၂၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး

၅၀။ Dr . Tran Kim Hong , Tinh Ha Ngoc Diem Nunnery , 79/7B Tay Lan , Ba Diem , Hoc Mon District , Ho Chi Minh City ၊ ဗီယက်နမ်နိုင်ငံ

## လူပုဂ္ဂိုလ်များ

၅၁။ ဦးနု၊ အမှတ်(၇၅၀/၇၅၃)၊ ဇီဇဝါလမ်း၊ ပုလဲ(၃)ရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၂။ ဦးမျိုးမင်း၊ အမှတ်(၂၀၉)၊ ပျူစောထီးလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၅၃။ Mrs . Choi Jeongyeon , 2 Kajaeweonmirae–ro , 03711 (118–1305 , Dmc Park View Jai Apt) Mapogu , Seoul ၊ တောင်ကိုရီးယားနိုင်ငံ

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုမန၊ မိုးကုတ်ဝိပဿနာမင်္ဂလဓမ္မရိပ်သာကျောင်းတိုက်၊ သီရိသုမနချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တတိလောက၊ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
၃။ ဘဒ္ဒန္တဉာဏုတ္တရ၊ မိုးကုတ်ဝိပဿနာမြစေတီကျောင်းတိုက်၊ အနောက်ကျောင်း၊ ဘော့သပြေကန်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပဏ္ဍဝံသ၊ မဏိရတနာကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဝဏ္ဏာစာရ၊ ဟံသာဝတီကမ္မဋ္ဌာန်းဓမ္မရိပ်သာကျောင်းတိုက်၊ ဘိုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဒေါက်တာဘဒ္ဒန္တက္ကန္ဒက၊ ဓမ္မမာမကသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျွန်းကလေးကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဝိလာသ၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ နှောကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဒေါက်တာဘဒ္ဒန္တရေဝတ၊ အမရဝတီဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာကျောင်းတိုက်၊ ရဲမွန်တပ်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၁၀။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဗောဓိစီကျောင်းတိုက်၊ မန်စီမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

## မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒမာလာ၊ ကန်ဦးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဗိုလ်ချုပ်ကုန်းရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၂။ ဘဒ္ဒန္တဝါယမ၊ ကန်ကလေးပေါက်ကုန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ပေါက်ကုန်းကျေးရွာ၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသောဘန၊ တောင်ပေါ်ကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ၊ မုရစ်ကြီးကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တကုမုဒ၊ ရွှေသစ္စာတောရ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ အင်းကန်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသုနန္ဒ၊ အတုလမဂ္ဂကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၊ နွယ်ခွေစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တတေဇနိယ၊ မဏိရတနာကျောင်း၊ ပြသာဒ်ကျောင်းတိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဓမ္မရက္ခိတ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝါသေဋ္ဌ၊ စက်သုံးလုံးဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသီရိန္ဒ၊ ဓမ္မဂုဏ်ရည်ပုညဝတီကျောင်းတိုက်၊ ထ/၁၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တခမာဝုဓ၊ ရွှေပြည်အေးသာသနာ့ရိပ်သာကျောင်းတိုက်၊ အောင်သီတာ ရပ်ကွက်(၈)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၁၁။ ဘဒ္ဒန္တပညာသိရီ၊ မိဂဒါဝုန်ကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာပဋ္ဌိပတ္တိသာသနာ့ရိပ်သာ၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

## ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပဏ္ဍိတ၊ ကံကြီးသာသနာ့ဗိမာန်ကျောင်းတိုက်၊ ယွန်းတန်းရပ်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဓမ္မသာရ၊ နွံ့ရိုးတောရဓမ္မရိပ်သာကျောင်းတိုက်၊ ဆင်တိုင်းကန်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တတိက္ခာနန္ဒ၊ ဓမ္မရုံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ စက်ကွေ့ရပ်ကွက်၊ မြစ်ငယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဥတ္တမသာရ၊ ဣဋ္ဌကာရာမ(တိုက်)ကျောင်း၊ ဘိုးနက်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်

၅။ ဘဒ္ဒန္တနန္ဒိယ၊ ရွှေပွင့်ဖြူမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တစိန္တိတ၊ စံရာတိုက်၊ ရေဝန်းကျောင်း၊ မြို့မရပ်ကွက်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တခေမိန္ဒ၊ ချမ်းမြေ့သာယာကျောင်းတိုက်၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးထွန်းဖေ၊ အမှတ်(၂၉၃/C)၊ ဝေဇယန္တာလမ်းနှင့် (၁၀)လမ်းထိပ်၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဦးကိုကိုထွေး၊ အမှတ်(၁၉)၊ ကံ့ကော်ဖြူခြံ၊ မဟာမြိုင်လမ်း၊ ကျွန်းတောအလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးမောင်သိန်း၊ အမှတ်(၄၆/E)၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးသိန်းဟန်၊ အမှတ် (၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဦးဇော်မိုးခိုင်၊ အမှတ်(၅၂၅/ဘီ)၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ် (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဦးဇော်ဝင်းထွန်း၊ အမှတ် (A-6)၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဦးဝိတ်၊ အမှတ်(၄၂)၊ မြေနုလမ်း၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးစိုင်းမျိုးဝင်း၊ အမှတ်(၈၁-ဒီ)၊ အင်းယားမြိုင်စုပေါင်းလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်တင်မေလတ်၊ အမှတ်(၆၈/ဃ)၊ (၃၄)လမ်း၊ ၇၈x၇၉ လမ်းကြား၊ ကဉ္စနမဟီ ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါ်ချောချော (ခ) ဒေါ်အေးချော၊ အကွက် (၆၆၁)၊ (၇၉)လမ်း၊ ၃၉ x ၄၀ လမ်းကြား၊ မှန်တန်းရပ်၊ ဟေမမာလာတောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်စမ်းစမ်း၊ အမှတ်(၁၅)၊ အကွက်(၃၃)၊ (၉)လမ်း၊ ၇၆ x ၇၇ လမ်းကြား၊ လှည်းတန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်လှလှဝေ၊ အမှတ်-၂၇၃(က)၊ (၈၀)လမ်း၊ ၃၂x၃၃ လမ်းကြား၊ ကဉ္စနမဟီ ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ရင်ရွှင်၊ အမှတ်-မ(၂)၊ (၄-ဃ/၅-င)၊ (၆၃)လမ်း၊ သိပ္ပံလမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်မြင့်မြင့်နွယ်၊ အမှတ်(၃၄၆)ဘီ၊ (၈၄)လမ်း၊ ၃၉x၄၀ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်တင်(ခ)ဒေါ်တင်တင်၊ အမှတ်(၁၀၅)၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်ခင်သန်းမြင့်၊ အမှတ်(၉၈)၊ ကမ္ဘာအေးစေတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်ခင်ဝါဝါ၊ အမှတ်(၃၆)၊ သီရိမင်္ဂလာလမ်းသွယ် (၅)လမ်း၊ ဗဟိုလမ်း၊ အမှတ်(၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်လွင်လွင်ဝေ၊ အမှတ်(၄၁၊ ခ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါက်တာခင်ခင်ရီ၊ အမှတ်(၅၃)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်ခင်ညွန့်၊ အမှတ် (၇၅)၊ ဓမ္မာရုံလမ်း၊ အမှတ် (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်လယ်လယ်အောင်၊ အမှတ်(၄၄)၊ ပန်းဝါလမ်း၊ အမှတ်(၃၀) ရပ်ကွက်၊ ဗိုလ်ချုပ်ရွာသစ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်မီမီစိန်၊ အမှတ်(၃၀)၊ သီရိမင်္ဂလာလမ်းသွယ်(၅)လမ်း၊ ဗဟိုလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်တင်လတ်မင်း၊ အမှတ်(၁၀)၊ ရတနာမွန်(၃)လမ်း၊ အမှတ်(၄) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်နန်းခင်မြင့်ရီ၊ အမှတ်(၁၀၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါ်စိုးသန္တာ၊ အမှတ်(၂၇၄)၊ (ခ/၈)လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါ်ချိုမာလွင်၊ အမှတ်(၉၄)၊ ဦးဘချိုလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

## သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်စွာဝင်း(ခ) ဦးမြကျော်စွာဝင်း၊ တိုက်(၃၃)၊ (၂၅)လမ်း၊ ၈၁x၈၂ လမ်းကြား၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဦးအောင်တိုး၊ အမှတ်(ဃ-၂၄)၊ အကွက်(၆၄၉)၊ ၃၄x၃၅ လမ်းကြား၊ ၇၈x၇၉ လမ်းကြား၊ ရွှေချည်ထိုးရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးအောင်လွင်အေး၊ အမှတ်(၁-ဆ)၊ (၂၇)လမ်း၊ ၆၅x၆၆ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးတင်ဝင်းညို၊ အမှတ် ( ၈၀/အေ )၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၅။ ဦးမိုး၊ အမှတ်(၃၅၆)၊ မဲခေါဝီလမ်း၊ (ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပါမောက္ခဒေါက်တာကြည်စိုး၊ အမှတ်(၅၈/၄)၊ အင်းယားလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါက်တာမောင်မောင်ဦး၊ အမှတ် (၅၁)၊ နာနတ်တောလမ်း၊ အမှတ်(၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးဇော်ဝင်း၊ အမှတ်(၇၃)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဦးဟန်ရှင်၊ အမှတ်(၁၆)၊ ကမာရွတ်ဘူတာရုံလမ်း၊ အမှတ်(၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဦးကျော်စိုးဦး၊ အမှတ်(၂၈)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဦးကျော်သူ၊ အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဦးမောင်မောင်၊ အမှတ်(၂)၊ ကြယ်စင်လမ်း၊ ရပ်ကွက်(၂)၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၁၃။ ဦးမျိုးမင်းဇော် (ခ) ဦးစိုင်းဘိုဘို၊ အမှတ်(၄)၊ မေတ္တာလမ်း၊ သီရိမဟာရပ်၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

## သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ဆွေဆွေဦး၊ အမှတ်(၃၀၁၁၉)၊ ရွှေသပြေလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂။ ဒေါ်တင်အုန်း၊ အမှတ်(၂၀)၊ နိဗ္ဗာန်လမ်း၊ ဒေါင်းလှရပ်၊ အမှတ်(၂) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၃။ ဒေါ်သင်းသင်း၊ အောင်မြင်သူလမ်းသွယ်၊ ၂၂x၂၃ လမ်းကြား၊ ၈၆x၈၇ လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ခင်ရွှေ၊ အမှတ်(၁၂၃)၊ (၃၄)လမ်း၊ ၇၇x၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ခင်အုန်းမြင့်၊ ရွှေသူဌေးရပ်၊ ကူမဲမြို့၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်ကြည်ကြည်မြင့်၊ အမှတ် ( မ - ၅၉/၁၂ )၊ (၅၉)လမ်း၊ ၃၇x၃၈ လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ခင်ဝင်းဆွေ၊ အမှတ်(အ/သ-၉)၊ စစ်ကိုင်း-မန္တလေးလမ်း၊ သိမ်ကြီးရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်ခင်စန်းလွင်၊ (၃၅)လမ်း၊ ၈၀x၈၁ လမ်းကြား၊ ကျားလှျာဝင်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဒေါ်ခင်ပြုံးယဉ်(ခ)မငယ်၊ အမှတ်( ၁၄၄ )၊ အကွက်( ၅၅၆ )၊ (၃၄)လမ်း၊ ၈၀x၈၁ လမ်းကြား၊ အောင်နန်းအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဒေါ်ထွေးထွေး(ခ)ဒေါ်ရီရီထွေး၊ အမှတ်(၁၂၄)၊ ( ၇၃ ) လမ်း၊ ၂၉ x၃၀ လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဒေါ်သိန်းသိန်းနိုင်၊ အမှတ်(၄၅+၅၆)၊ ဟ-၁၁၊(၆၂)လမ်း၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဒေါက်တာဌေးဌေးခိုင်၊ အမှတ်(၁၃၈)၊ အကွက်(၇၀၆)၊ (၇၅)လမ်း၊ ၃၂x၃၃ လမ်းကြား၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဒေါ်ခင်အုန်း၊ အမှတ်(၁၊ ၂၊ ၃)၊ ဝေသာလီလမ်းနှင့် (၇၁)လမ်းထောင့်၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဒေါ်နွယ်နီသိန်း၊ အမှတ်(၃၉)၊ (၇၃)လမ်း၊ ၂၇x၂၈ လမ်းကြား၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဒေါ်ယဉ်ထွေး၊ အမှတ်(၁၁/ဂျေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်ခင်စိုးရီ၊ အမှတ်(၃၁၄)၊ အလုံလမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါ်ခင်ခင်စု၊ အမှတ်(၁၆)၊ ဘောက်ထော်ဘူတာရုံလမ်း၊ အမှတ်(၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါ်ကြည်ခင်၊ အမှတ်(၁၈/စီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဒေါ်တင်လေးကြည်၊ အမှတ်(၄၅)၊ (၁၁)လမ်း၊ အမှတ် (၅) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဒေါ်စန်းစန်းရီ၊ အမှတ် (290-P)၊ ဦးဝိစာရလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဒေါ်စန်းစန်းဦး၊ အမှတ်(P-၁၄)၊ မြနန္ဒာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဒေါ်နီနီအေး၊ အမှတ်(၅/က-ခ)၊ ဝဏ်ဘာလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဒေါ်ဌေးဌေးဝင်း၊ အမှတ်(၉)၊ (၃)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဒေါ်တင်တင်အေး၊ အမှတ်(၂၂-က)၊ ဗောဓိရိပ်သာလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ဒေါက်တာနှင်းနှင်းအေး၊ အမှတ်(၄၂)၊ (၄)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ဒေါ်သန္တာဝင်း၊ အမှတ်( အီး-၁၉-အေ )၊ မေခလမ်းသွယ်(၃)၊ ( ဆ /ခ) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ဒေါ်နီလာ၊ အမှတ်(၉၁၆-က)၊ ပြည်လမ်း၊ (၁၀)မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ဒေါ်ခင်မြင့်ရီ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ အမှတ် ( ၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ဒေါ်နန္ဒာလှိုင်၊ အမှတ်- ၁၅ ( က /၁ )၊ ကန်ရိပ်သာလမ်း၊ အမှတ်(၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ဒေါ်ရည်ဝိုင်းဦး၊ အမှတ်(၄၁၊ က)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ဒေါ်ယမင်းကိုကို၊ အမှတ်(၁၅၈)၊ နှင်းဆီဖြူလမ်း၊ အမှတ်(၃၀)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဒေါ်ခိုင်သက်မွန်၊ အမှတ်( ၄ )၊ ပါရမီလောကနတ်အိမ်ရာဝင်း၊ အမှတ်(၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဒေါ်နွေးနွေး၊ အမှတ်(ကမတ/ ၃၀၅)၊ မြို့ပတ်လမ်း၊ ကောင်းမှုတုံရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်

၃၄။ ဒေါ်မိုးသီတာရွှေ၊ အမှတ်(A9/2)၊ သိန်းသန်းချီအိမ်ရာ၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်

၃၅။ ဒေါ်မြသန်း၊ အမှတ်(၁၂၃)၊ (၅)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးကြည်စိုး၊ အမှတ်(နက/၃၇၀)၊ ရောင်နီဦးလမ်း၊ နမ့်ကွတ်ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၂။ ဦးစန်းမောင်၊ အမှတ်(၁၅၂-၁၅၃)၊ (၀/၉)၊ (၆၅)လမ်း၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးခင်မောင်ထွေး၊ အမှတ်(၁၁၅/၂၄)၊ ဗလလမ်း၊ ၁၉ X ၂၀ လမ်းနှင့် ၆၃ X ၆၄ လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ နန်းတော်ရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးသိန်းနိုင်(ခ) ဦးနေထက်သိန်းနိုင်၊ အမှတ်(၁၃)၊ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

၅။ ဦးအောင်ဇော်မောင်၊ အမှတ်(၁၁၄)၊ ခရေပင်လမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတနှင့် ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်နိုင်ငံနှင့်ပြည်သူများကိုယ်စား အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ခင်မင်ရင်းနှီးစွာ ပြောကြားလိုပါသည်။

လွန်ခဲ့သည့်နှစ်များအတွင်း ရရှိခဲ့သည့်အောင်မြင်မှုများအတွက် မြန်မာပြည်သူပြည်သားများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူများအနေဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်ကြောင်းနှင့် ထိုမှတစ်ဆင့် မြန်မာနိုင်ငံအနေဖြင့် သဟဇာတရှိ၍ သာယာဝပြောသည့်နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှုများမှာ လွန်ခဲ့သည့်နှစ်များအတွင်း တစိုက်မတ်မတ် တိုးတက်ခိုင်မာလာခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်အပါအဝင် အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့ကြပါသည်။ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ ခိုင်မာသည့် ဆုံးဖြတ်ချက်နှင့် အားထုတ်ကြိုးပမ်းမှုများမှတစ်ဆင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ထူထောင်ထားရှိသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးမှာ ဆက်လက်ဖွံ့ဖြိုးတိုးတက်၍ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား၊ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားပါသည်။

အဆွေတော်ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်ဂျေအင်းထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၄၅)နှစ်ပြည့်မြောက်မည်ဖြစ်ရာ ယခုအချိန်အထိ မိမိတို့နှစ်နိုင်ငံအကြား ပြုစုပျိုးထောင်ရရှိထားသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်များ ပိုမိုခံစားရရှိမည်ဟု မျှော်လင့်ပါသည်။ အဆွေတော်နှင့် အနာဂတ်တွင်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်း၊ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောမှုများ အစွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ထိုင်းနိုင်ငံအစိုးရနှင့်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်နွယ်မှုများအပြင် တူညီသည့် ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အမွေအနှစ်များဖြင့် နှစ်ကာလကြာမြင့်စွာ ခိုင်မာသည့်ဆက်ဆံရေးကို ထူထောင်ထားရှိပါသည်။ မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမှာ ပြီးခဲ့သည့်နှစ်များအတွင်း မဟာဗျူဟာကျသည့်မိတ်ဖက်ဆက်ဆံရေးအောက်တွင် အရှိန်အဟုန်ဖြင့် ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို စိတ်ကြည်နူးဖွယ်တွေ့မြင်နေရပါသည်။

အိမ်နီးချင်းကောင်းများဖြစ်ကြသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို အခြေခံလျက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်ရေးကို ဦးတည်သော ဘုံရည်မှန်းချက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးအတွက်သာမက ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ခိုင်မြဲစွာ ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မီဂဲလ် ဒီရက်(ဇ်)-ကန်နယ် ဘယ်(ရ်)မူဒက်(ဇ်) ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ကျူးဘားအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ပြောကြားလိုပါသည်။

အခွင့်အခါကြုံခိုက်တွင် မိမိတို့နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတောင့်တင်းခိုင်မာစေရန် မိမိတို့၏ စိတ်အားထက်သန်မှုကို ထပ်လောင်းအတည်ပြုဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆွစ်ဇာလန်နိုင်ငံ သမ္မတ စင်မိုနက်တာ ဆွန်မာရုဂါထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ယုံကြည်မှုအပေါ် အခြေခံသည့် ရေရှည်တည်တံ့သော နှစ်နိုင်ငံဆက်ဆံရေးကို ထူထောင်ခံစားလျက်ရှိပါသည်။ ဆွစ်ဇာလန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ခိုင်မြဲသောဆက်ဆံရေးကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချထားပါသည်။ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအစီအစဉ် (၂၀၁၉-၂၀၂၀) ကို သက်တမ်းတိုးမြှင့်ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ နှစ်နိုင်ငံ သာယာဝပြောရေးနှင့် အကျိုးဖြစ်ထွန်းစေရေးတို့ကို ရည်သန်လျက် မိမိတို့အနေဖြင့် ဆက်လက် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆွေတော်ရင်ဆိုင်နေရသည့် ယှဉ်စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားသွားနိုင်ရန် မိမိတို့အတူ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ပျော်ရွှင်မှု၊ သာယာဝပြောမှုနှင့် အနာဂတ်တွင် တည်ငြိမ်အေးချမ်းမှုတို့နှင့် ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ အဲလက်ဇန္ဒြား ဗူစစ်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆားဘီးယား ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ကြွယ်ဝရွှင်လန်းချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ဘက်မလိုက်လှုပ်ရှားမှု အခြေခံမှုများအပေါ်တွင် အခြေခံပြီး ဆယ်စုနှစ်များစွာ အစွန့်ရှည်လျက်ရှိသည့် မြန်မာ-ဆားဘီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် အထူးအလေးထားသော အပြန်အလှန်လေးစားမှုနှင့် တန်ဖိုးထားမှုတို့ဖြင့် ဖော်ညွှန်းလျက်ရှိပါသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုရှိသည့် နယ်ပယ်အားလုံး၌ ထိရောက်သော ပူးပေါင်းဆောင်ရွက်ရေးတို့ကို မိမိတို့နှစ်နိုင်ငံအနေဖြင့် ပိုမိုမြှင့်တင်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေးဆွေးနွေးမှုများနှင့် ဘုံအကျိုးထွန်းကားစေမည့် နယ်ပယ်များ၌ နက်ရှိုင်းစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံနှင့် ပြည်သူများအကျိုးစီးပွားအတွက် ဆက်လက်ထိတွေ့သွားမည် ဖြစ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား ဗန်ဒါ ဘယ်လန်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာ၍ မြန်မာပြည်သူပြည်သားများ အနာဂတ်တွင် ပျော်ရွှင်ပါစေကြောင်း အခါအခွင့်ကြုံခိုက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပိုလန်သမ္မတနိုင်ငံ သမ္မတ အန်ဒရစ်(ဂျ) ဒူဒါထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပိုလန်ပြည်သူများကိုယ်စား အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ဆက်လက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာ၍ သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မော်ရိုကိုနိုင်ငံ ဘုရင် ဆဋ္ဌမမြောက် မိုဟာမက်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်တိုးတက် သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်အတွက် မော်ရိုကိုနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများခိုင်မာစေရန်နှင့် တိုးမြှင့်သွားရန် စိတ်အားထက်သန်လျက်ရှိပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အီတလီသမ္မတနိုင်ငံ သမ္မတ ဆာဂျီရိုမတ်တာရီလာထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ သဟဇာတမျှတစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် အနာဂတ်တွင် ပိုမိုကြွယ်ဝချမ်းသာစေရေးတို့အတွက် အဆွေတော်ထံသို့ မိမိအနေဖြင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

အစဉ်အလာအရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် မြန်မာ-အီတလီ နှစ်နိုင်ငံဆက်ဆံရေးကို ပုံဖော်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ၏ အကျိုးရလဒ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ ၏ ရည်မှန်းချက်များရရှိရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ထိရောက်စေရေးတို့အတွက် မိမိတို့နှစ်နိုင်ငံအကြား ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အီတလီပြည်သူများကိုယ်စား မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ ဂျားနို့စ် အာဒါထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဟန်ဂေရီနိုင်ငံအနေဖြင့် မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို လာမည့်နှစ်များတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိမိအနေဖြင့် ထပ်လောင်းအတည်ပြုအပ်ပါသည်။

အဆွေတော်ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပျော်ရွှင်သာယာဝပြောပါစေကြောင်း အခါအခွင့်ကြုံခိုက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်ဂုဏ်ယူကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

ပြီးခဲ့သည့် အောက်တိုဘာလက ကျင်းပခဲ့သော ဂျပန်ဧကရာဇ် နန်းတက်ပွဲအခမ်းအနားသို့ အဆွေတော် တက်ရောက်ချီးမြှင့်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ထပ်မံပြောကြားလိုပါသည်။ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေး ခိုင်မာစေရေးအတွက် အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့သည့်အတွက်လည်း အထူးဝမ်းမြောက်မိပါသည်။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်ပေးသွားမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေး ကြိုးပမ်းမှုအတွက် ထောက်ပံ့ကူညီမှုများ အစွမ်းကုန် ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် ပြည်သူအများ ငြိမ်းချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အိန္ဒိယနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ဗန်ကောက်မြို့တွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့စဉ် အဆွေတော်နှင့် တွေ့ဆုံ၍ အကျိုးရှိစွာ ဆွေးနွေးနိုင်ခဲ့ပါသည်။ မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုများသည် နွေးထွေးမှုရှိသော နှစ်နိုင်ငံဆက်ဆံရေးကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်မီရန်အတွက် ဆောင်ရွက်ရာတွင် ခိုင်မြဲစွာရပ်တည်လျက်ရှိသော မိတ်ဆွေနိုင်ငံအဖြစ် ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုအပ်ပါသည်။ မိမိတို့ နှစ်နိုင်ငံ၏ အရေးပါသည့် မိတ်ဖက်ဆက်ဆံရေးအပေါ် အခြေပြုကာ အဆွေတော်နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိအနေဖြင့် အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံ ဆက်လက်သာယာဝပြောပြီး ငြိမ်းချမ်းတည်ငြိမ်စည်းလုံးသော နိုင်ငံတော်အဖြစ် တိုးတက်ဖွံ့ဖြိုးမှုများ ဆက်လက်ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ထောင်လွှန်းဆီဆုလစ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်ကောင်းပို့သအပ်ပါသည်။

နှစ်နိုင်ငံအကြား အစဉ်အလာအရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ မိမိတို့နှစ်နိုင်ငံအကြားနှင့် နှစ်နိုင်ငံအစိုးရများအကြား နှစ်နိုင်ငံနှင့် နိုင်ငံတကာ မျက်နှာစာတွင် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများမှာ ယခုထက် ပိုမိုခိုင်မာတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများသာမက အာဆီယံမိသားစု၏ ဘုံအကျိုးဖြစ်ထွန်းမှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းရေးတို့အတွက် အဆွေတော်နှင့်အတူ ဆက်လက်၍ နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ နှစ်သစ်ကူးအခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အဆွေတော်၏ လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။





# (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၀ ပြည့်နှစ် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် နံနက် ၄ နာရီ ၂၅ မိနစ်တွင် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပသည့်နေရာသို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသည့် ပြည်သူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။**(အပေါ်ပုံ)**

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ကိုကိုဇော်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းနှင့် ဥဒ္ဓေသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းတို့၌ ကျင်းပသည်။

ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး တက်ရောက်အားပေးခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ အားကစားပြိုင်ပွဲများတွင် အားကစား နည်းအလိုက် ဆုရရှိသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။(အောက်ပုံ)

**သတင်းစဉ်**



## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

၄-၁-၂၀၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည့် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀)ပါ ရဲကျော်စွာတံဆိပ်ရရှိသည့် ပ ၇၁၇၅ လက် ထောက်ညွှန်ကြားရေးမှူး၊ ဦးသက်ဦးပိုင် (ခ) ဦးလီကြားရှိုး၊ မြို့အုပ်ချုပ်ရေးမှူး၊ ချင်းရွှေဟော်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ **အစား** ပ ၇၁၇၅ ဦးသက်ဦးပိုင် (ခ) ဦးလီကြားရှိုး၊ မြို့အုပ်ချုပ်ရေးမှူး၊ ချင်းရွှေဟော်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

## ထူးခြားသည့် အနိမ့်ဆုံး ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၄** - ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့ တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ရမ်ကလောင်းတွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရမ်ကလောင်းတွင် ၁ ဒသမ ၉၇ လက်မ၊ တီးတိန်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၃၃ လက်မ၊ မတူပီမြို့ တွင် ၁ ဒသမ ၂၆ လက်မ၊ မိုးမိတ်မြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မင်းကင်းမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် မင်းတပ်မြို့တွင် ဝ ဒသမ ၉၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

၆။ ဦးမောင်မောင်ရင်၊ အမှတ်(၇၀၊ ၌/၁)၊ ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဦးကျော်မြင့်၊ အမှတ်(၁၁၂၆)၊ ဇောတိကလမ်း၊ အမှတ်(၁၆/၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဦးချမ်းမြေ့ဆွေ၊ အမှတ်(၄၉)၊ ဇေယျာဝတီ(ဗဟိုလမ်း)၊ သံတံတား ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဦးသန်းအောင်၊ အမှတ်(ပ-၆၆/B)၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

### သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ခင်မြင့်ဦး၊ နောင်ကိုင်းတော်ရပ်ကွက်၊ အရှေ့ပြင်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်
၂။ ဒေါ်မြမြဝင်း၊ အမှတ်(၂၉၅)၊ ဗိုလ်ချုပ်လမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဒေါ်လတ်မျိုးစော၊ အမှတ် (ကက/၇၇၄)၊ အမှတ်(၇) ရပ်ကွက်၊ ကျီကုန်းရပ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဒေါက်တာသင်းမျိုးမျိုးအောင်၊ အမှတ်(၄၉၄/၄၉၅)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း(၂) တိုးချဲ့ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၅။ ဒေါ်မြသန်း၊ အမှတ်(၄)၊ ထန်းတောရပ်၊ မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်မြင့်မြင့်ရီ၊ အမှတ်(၃၂)၊ သာယာဝတီမင်းကြီးလမ်းနှင့် ရန်ကုန်-မန္တလေးလမ်းထောင့်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်မေမျိုးမြတ်၊ အမှတ် - ၁၄၆(ခ)၊ မန္တလေး-လားရှိုးလမ်း၊ ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၈။ ဒေါက်တာသူဇာမျိုးမျိုးဝင်း၊ အမှတ် (၆၁)၊ (၁၅)လမ်း၊ ၈၇ x ၈၈ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါ်မြင့်မြင့်ခင်၊ တိုက်(A-B)၊ မြစ်မင်းရောဝတီတိုက်တန်း၊ (၇၈)လမ်း၊ ၃၀ x ၃၁ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါ်ဝိုင်းဝါ၊ အမှတ် (န-၁/၆၇)၊ (၆၄)လမ်း၊ ၄၀ x ၄၁ လမ်းကြား၊ မဟာမြိုင်(၁) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါ်မြသန်းဝင်း၊ အမှတ်(၂၂၆)၊ အခန်း(၆၀၂)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်မြသိန်း၊ အမှတ်(၈၄)၊ အခန်း(၆)၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၃) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်ဖြူဖြူဝင်း၊ အမှတ်(၂၁)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်မိုးမိုးထွေး(ခ)ဒေါ်ကြူကြူမော်၊ အမှတ်(၂)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်အေးမြင့်သန်း၊ အမှတ်(၃၉)၊ ဦးကြွယ်ဟိုးလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဒေါ်နွယ်နွယ်ငွေး၊ အမှတ်(၃၁-အေ)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါ်မာလာမြင့်၊ အမှတ်(၆၀/A)၊ ရွာမကျောင်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဒေါ်တင်တင်မြင့်၊ အမှတ်(၅၈-အေ)၊ အင်းလျားလမ်း၊ လမင်းရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဒေါ်မိုးသဥ္ဇာမောင်၊ အမှတ်(၂၈)၊ ပါရမီလောကနတ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဒေါ်သီသီမြ၊ အမှတ်(အေ/၃၉)၊ နောင်ရိုးလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဒေါ်ပိုးအိဖြူမောင်၊ အမှတ် ( ၁၆၄ / ၁၆၅ - ခ )၊ စိန်ပန်းလမ်း၊ ခရေပင်ရိပ်မွန် (၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါ်ဝင်းစိန်၊ အမှတ် ( ၃ )၊ ( ၇ )လမ်း၊ အမှတ် (၃) ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၃။ ဒေါ်အေးအေးသက်(ခ) ဒေါ်သဥ္ဇာထွန်း၊ အမှတ်(၇)၊ (၄)လမ်း၊ အမှတ်(၆) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးဟန်ဇော်ထွန်း၊ အမှတ် (၆၂)၊ မန်ကျည်းကုန်းလမ်း၊ ချမ်းမြသာစည် ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဦးကိုကိုလေး၊ (၆၂)လမ်း၊ ၃၇ x ၃၈ လမ်းကြား၊ ရွှေဘုန်းရှင်ရပ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဦးကျော်တင်(ခ) ဦးစိန်ကုလား၊ အမှတ်(H-၂၁၃)၊ ဧရာတ်လမ်းနှင့် (၅၆)လမ်းထောင့်၊ စက်မှုဇုန်(၁)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါက်တာကျော်သက်နိုင်၊ အမှတ် (စတ-၁၅)၊ စက်ကွေ့ရပ်၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဦးထွန်းထွန်းလင်း၊ ခရေကွန်ဒို၊ Level-3၊ Unit-B၊ ခရေလမ်း၊ ၆၄ x ၆၅ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဦးဇေကောင်းမြတ်၊ အမှတ်(၄၆)၊ ကန်ကြီးကန်ပတ်လမ်း၊ မြို့မ(၄) ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၇။ ဦးခင်သိန်း၊ အမှတ်(၄၆)၊ ဦးဥတ္တမလမ်း၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်
၈။ ဦးလှကြည်၊ အမှတ်(၄၅၂)၊ မြရတနာ(၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဦးမင်းမင်းဇော်၊ အမှတ် (၃၆၉)၊ ရွှေဆံတော်ဘုရားလမ်း၊ ကျွန်းတော ရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဦးတင်မိုးအောင်၊ အမှတ် ( ၁၆ )၊ A-1၊ အရိယမဂ္ဂင်လမ်း၊ အမှတ်(၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဦးအောင်သန်းရွှေ၊ အမှတ်(၄/ခ)၊ အမှတ်(၈)ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်

### ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၁၂။ Mr.Wang Cheng I , 10 F, No. 187 , Guisui Street, Datang Dist, Taipei City 103, Taiwan၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (တိုင်ပေ)

### သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်အေးအေးမြင့်၊ မန္တလေး-မုံရွာလမ်း၊ ဗန္ဓုလရပ်ကွက်၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဒေါ်တင်ထွေးမော်၊ အမှတ်(ယ ၇/၇၄)၊ အောင်မင်္ဂလာ(၄)လမ်း၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၃။ ဒေါ်မြမြသန်း၊ အကွက်(၃၄၅)၊ (၃၇) လမ်းနှင့် တာရိန်လမ်း၊ စိန်ပန်း၊ ဖောင်တော်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ခင်မိုးမိုးဝင်း၊ ရန်ကုန်-မန္တလေးလမ်း၊ သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ငယ်ငယ်ထွေး၊ အမှတ် ( ၂ )၊ အကွက်(၈၀၀)၊ ( ၂၇ )လမ်း၊ ၆၃ x ၆၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်မိုးသီတာဦး၊ အမှတ်(၂၅၉)၊ (၃၄)လမ်း၊ ၈၅ x ၈၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်ငွေးငွေးဝင်း၊ အမှတ်(၉)၊ ဝိဇယလမ်း၊ လမ်းမကြီးရပ်၊ မြို့မ(၄) ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၈။ ဒေါ်မြရွှေ(ခ)ဒေါ်မြသန်းခိုင်၊ အမှတ်(၉၆/၁၀၀)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဒေါ်ကျန်တင်၊ အမှတ်(၁၅၆)၊ ဘုရင့်နောင်လမ်း၊ ပုလဲမြို့သစ်(၁)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဒေါ်နန်းခင်ညွန့်၊ အမှတ်(၉၁/အေ)၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဒေါ်အေးအေးမြင့်၊ အမှတ်(၅-ဃ/၂-B)၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်ဝင်းမြင့်မိုး၊ အမှတ်(၄၁၉)၊ မာလာရုံလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်ဝတ်ရည်သန့်၊ အမှတ် ( ၂၈/၅ )၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်လှဥမ္မာထွေး၊ အမှတ်(၃၁၇-ဘီ)၊ ရတနာလမ်း၊ အမှတ်(၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်နန်းဖောင်း၊ အမှတ် ( ဈ/၃၄ )၊ ပြည်ထောင်စုလမ်း၊ ဈေးတန်း ရပ်ကွက်၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်

### ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်များ

၁၆။ Mrs. Ha Thi Bong, No.2/1A, Dinh Tien Hoang Str, Ward 1, Binh Thanh District, Ho Chi Minh City၊ ဗီယက်နမ်နိုင်ငံ
၁၇။ Ms. Benedicte Pham, No. 328 , Vo Van Kiet Str, Quan 1, Ho Chi Minh City၊ ဗီယက်နမ်နိုင်ငံ

( ပုံ ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဂေဟစနစ် ဖြည့်တင်းရေး စိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း လှူဒါန်းငွေဖြင့် ဂေဟစနစ် ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ တည်ထောင်စိုက်ပျိုးပြီးစီးခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကျင်းပသည်။



အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်း၊ နေပြည်တော်ကောင်စီဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)** ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်းဧက ၁၀၀ ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ လေးလိုက်ကြိုးဝိုင်း အကွက်အမှတ် (၂၉၊ ၃၀)၊ နေပြည်တော်- မကွေး-ကံပြားလမ်း မိုင်တိုင်အမှတ် (၁၃/၂ မှ ၁၃/၇)ဘေး အမှတ်(၂၁၆) နေပြည်တော်-မကွေး-ကံပြားလမ်း မိုင်တိုင်အမှတ် (၂၈/၁) ဘေး၌ တည်ရှိကြောင်း။

၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ စိုက်ခင်းသက်တမ်းငါးနှစ်အထိ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ညွှန်ကြားရေးမှူး၊ ဥတ္တရခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဥတ္တရသီရိမြို့နယ်၊ ဦးစီးအရာရှိတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စိုက်ခင်းတာဝန်ခံ တောအုပ်ကြီးတစ်ဦး၊ လေးလိုက်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၉၊ ၃၀)၌ တောအုပ်တစ်ဦး၊ တောခေါင်း နှစ်ဦး၊ တောကြပ်တစ်ဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးသည့် သစ်မျိုးများမှာ ကျွန်းနှင့် သစ်မာအုပ်စုအပါအဝင် သစ်မျိုးစုံ ၉၇ မျိုး စိုက်ပျိုးထားပြီး ပန္နက်အကွာအဝေးမှာ ၆'x၆' ပန္နက်ဖြင့် ၁၀ ဧကနှင့် ၉'x၉' ပန္နက်ဖြင့် ဧက ၉၀ စိုက်ပျိုးထားပြီး စိုက်ပင်အရေအတွက်၆'x၆'ပန္နက်ဖြင့် ၁၂၁၀၀ ပင်နှင့် ၉'x၉' ပန္နက်ဖြင့် ၄၈၆၀၀၊ စုစုပေါင်းအပင် ၆၀၇၀၀ စိုက်ပျိုးထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပခုက္ကူမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ်အရှေ့တိုက်ကြီး သက်တမ်းနှစ် (၁၀၀) ပြည့် ပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၄**

မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက် ခရစ်နှစ် ၁၉၂၀ ခုနှစ် ဖေဖော်ဝါရီတွင် တည်ထောင်ခဲ့သည့် မဟာဝိဇယာရာမပါဠိတက္ကသိုလ်အရှေ့တိုက်ကြီး၏ တိုက်တည်သက်တမ်းနှစ်(၁၀၀)ပြည့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တနေမိန္ဒ မဟာထေရ် အရှင်မြတ်ကြီးအား အမှူးထား၍ တပည့်သံဃာဒါယကာဒါယိကာမများက ဖေဖော်ဝါရီ ၁၁ ရက် ည ၇ နာရီတွင် ပရိယတ်သာသနာ ရေရှည်တည်တံ့ပြန့်ပွားရေးအတွက် အကြံပြုတိုင်ပင်ဆွေးနွေးခြင်း၊ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် မဟာထေရ်ကြီးများထံမှ သြဝါဒခံယူခြင်းနှင့် မွန်းလွဲ ၁ နာရီတွင် မဟာဝိဇယာရာမတိုက်တည် ရာပြည့်ရေစက်ချအောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ရှင်များအနေဖြင့် လှူဒါန်းလိုပါက ဖုန်း-၀၉၂၅၆၄၀၄၄၁၊ ဖုန်း-၀၉-၂၃၀၀၄၉၁၊ ၀၉ -၂၃၀၀၈၃၈၊ ၀၉၄၄၀၂၂၄၁၇ များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုးဝင်းထွန်း**

# မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ကျင်းပ



**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးဒေသခံမြို့မိမြို့ဖများနှင့် မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မန္တလေးသံစဉ်ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်ကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) ည ၇ နာရီက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဂီတပွဲတော်သို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်၊ ကယန်းတိုင်းရင်းသားလူမျိုးစု အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် အဖွဲ့ဝင်များ၊ ဂီတပွဲတော် ကျင်းပရေးအဖွဲ့ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ရှေးဦးစွာ ဂီတပွဲတော် စတင်ဖွင့်လှစ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုမန္တလေးမြို့တွင် ကျင်းပသည့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်သို့ ကယားပြည်နယ်အစိုးရကိုယ်စား တက်ရောက်ချီးမြှင့်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ မိမိတို့နိုင်ငံအတွက် မရှိမဖြစ်လိုအပ်နေသည့် ငြိမ်းချမ်းရေးအသိအမြင်ကို ယခုဂီတပွဲတော်မှတစ်ဆင့် ရင်ထဲနှလုံးသားထဲအထိတိုင်အောင် အရောက်တွန်းပို့နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂီတပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က ပွဲတော်ကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂီတပွဲတော် စတင်ကျင်းပရာ ဖျော်ဖြေရေးအဖွဲ့များက မငြိမ်းချမ်းလို့မဖြစ်ဘူး သီချင်းစာသားအား အနှစ်သာရရှိစွာ ကြည့်ရှုနားဆင်ခံစားနိုင်စေရေးအတွက် နောက်ခံစကားပြောများ၊ မန္တလေး၏ ဂီတအနုပညာများ၊ ယဉ်ကျေးမှုလက္ခဏာများနှင့် ပတ်သက်သည့် သမိုင်းမှတ်တမ်းများ၊ ငြိမ်းချမ်းခြင်းနှင့် မငြိမ်းချမ်းသည့်ကာလများတွင် နေထိုင်ရသည့် ဘဝဖြစ်စဉ်များအား နောက်ခံမှတ်တမ်းဓာတ်ပုံများဖြင့် တေးသရုပ်ဖော်တင်ဆက်ကပြ ဖျော်ဖြေခဲ့ကြသည်။

မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူးဂီတပွဲတော်တွင် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) မှ အနုပညာရှင်အဖွဲ့များ၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့မှ အကအဖွဲ့များ၊ ကယားပြည်နယ်မှ တိုင်းရင်းသားအဆိုရှင်များ၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့နယ်များမှ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် အသင်းအဖွဲ့များအဆိုရှင်များနှင့် ဂီတမိတ်ပညာရှင်များ စုစုပေါင်း၇၀၀ ကျော်ဖြင့် တီးခတ်သီဆို ကပြဖျော်ဖြေခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကျင်းပရေး တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည့် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကျင်းပရေးအတွက် ဆိုင်ခန်းများနှင့် ပြခန်းများအားလုံး တည်ဆောက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ကျန်နေရာများကို ဆက်လက်တည်ဆောက်နေကြောင်း ပွဲတော်ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

“ဇုန် (A)မှာ VIP ပြခန်းတွေ၊ Sponsor ပြခန်းတွေ၊ စားသောက်ဆိုင်ခန်းနဲ့ ပြခန်း ၁၇၁ ခန်းပါတယ်။ ကတ္တရာလမ်းတစ်လျှောက်မှာက ဇုန်(B)ပြခန်းတွေရယ် ဒီဘက်က ပွဲတော်ပံ့ပိုးပေးတဲ့ အောင်မိသားစုပြခန်းတွေ၊ မနှစ်က LED ပြပွဲက လူစိတ်ဝင်စားမှု နည်းတော့ ဇုန်(C)ကို ထပ်ထည့်ပြီး ဆိုင်ခန်းတွေထပ်တိုးထားပါတယ်။ တိုင်းရင်းသားစားသောက်ဆိုင်ခန်းတွေက ရောင်းချပြီး ကုန်သလောက်နီးပါးဖြစ်နေပါပြီ။ မနှစ်က လာရောင်းဖူးတဲ့ တိုင်းရင်းသားတွေက ဆက်ရောင်းရတယ်။ အလယ်ကကွင်းက Happy New Year Count Down ပါတီ လုပ်သွားတော့ ၁၀ ရက်နေ့မှ စဆောက်မှာပါ” ဟု ပွဲတော်ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံးက တာဝန်ခံ ကိုကျော်ဖြိုးဝေက ပြောသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်းခြောက်ခန်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း(MEA)ပြခန်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြခန်း စုစုပေါင်း ပြခန်းပေါင်း ၁၆ ခန်း ပါဝင်ပြီး တိုင်းရင်းသားဒေသထွက်ကုန်များ၊ လက်ဆောင်ပစ္စည်းများ၊ အဝတ် အထည်များနှင့် စားသောက်ဆိုင်များ ပါဝင်သည့် ပြခန်းနှင့် ဆိုင်ခန်းပေါင်း ၁၀၀၀ ခန့်ပါဝင်သည်။

ပွဲတော်တွင် တိုင်းရင်းသားချစ်ကြည်ရေးအနေဖြင့် ဘောလုံး၊ ဘော်လီဘော၊ တိုင်ကွမ်ဒို၊ ရိုးရာလက်ဝှေ့၊ ဂေါက်သီးရိုက်၊ ကရာတေးဒိုပြိုင်ပွဲ၊ Miss Ethnics Myanmar 2020 ပါဝင်ပြီး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို မြန်မာနိုင်ငံသားများသာမက၊ နိုင်ငံတကာမှ သိရှိနိုင်ရန်၊ တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးနှင့် ဒေသထွက်ကုန်များ နိုင်ငံတကာဈေးကွက်ရရှိရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအနေဖြင့် နှစ်စဉ်ကျင်းပသွားမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့က ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

**သန့်ဇင်ဝင်း**

# ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက် ၇နာရီခွဲမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ရောင်းချပွဲစတင်သည့် ဇန်နဝါရီ ၂ ရက်မှ ၃ ရက်အထိ ရတနာကုန်သည်များအနေဖြင့် ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့တွင် ရတနာကုန်သည်များက ဈေးနှုန်းတင်သွင်းလွှာများ ရေးသားတင်သွင်းထားသည့် ကျောက်မျက်အတွဲ ၂၈၆ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်မျက်အတွဲ ကိုးတွဲကို ငွေကျပ် ၃၆ ဒသမ ၉၁၈ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရတနာကုန်သည်များသည် ပြပွဲခန်းမအပြင်ဘက်ရှိ သတ်မှတ်ဧရိယာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လွတ်လပ်စွာ လေ့လာကြည့်ရှုကြပြီး ဇန်နဝါရီ ၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၂၅၀) အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ တွဲ၊ ဇန်နဝါရီ ၆ ရက်တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ်(၁၂၅၁)မှ အတွဲအမှတ် (၂၅၀၀)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ တွဲနှင့် ဇန်နဝါရီ ၇ ရက်တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ်(၂၅၀၁)မှ အတွဲအမှတ် (၃၆၉၅)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၉၅ တွဲတို့အတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ စနစ်တကျထည့်သွင်းခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများတွင် ကြမ်းခင်းဈေးအမြင့်ဆုံးသည် ငွေကျပ်သိန်း ၁၈၀၀ ဖြစ်ပြီး ကြမ်းခင်းဈေးအမြင့်ဆုံး ကျောက်စိမ်းအတွဲသည် ငွေကျပ် သိန်း ၁၀၀၀ ဖြစ်ကြောင်း၊ ကျောက်အတွဲဝယ်ယူသူ (သို့မဟုတ်) တင်ပြရောင်းချသူ နိုင်ငံသားကျောက်မျက်ရတနာကုန်သည်များအနေဖြင့် ပြပွဲဗဟိုကော်မတီ၏ သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ပြပွဲတက်ရောက်ခွင့်၊ ဝယ်ယူခွင့်၊ တင်ပြရောင်းချခွင့် ပိတ်ပင်ခြင်းအပါအဝင် သတ်မှတ်စည်းကမ်းများနှင့်အညီ ပြပွဲဗဟိုကော်မတီက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်**



ရတနာကုန်သည်များ ပြပွဲခန်းမအပြင်ဘက်ရှိ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လေ့လာကြည့်ရှုကြစဉ်။ ဓာတ်ပုံ-ထိန်နန်နေ

# (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

အခမ်းအနား သဘာပတိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် "ဒီကနေ့ ကျွန်ုပ်တို့ရဲ့ အဓိကကျတဲ့ တာဝန်နှစ်ရပ်ကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးများ အရယူပေးခဲ့တဲ့ အမျိုးသားလွတ်လပ်ရေးကို မဆုံးရှုံးအောင် ထိန်းသိမ်းကာကွယ်ပေးရေးနဲ့ လွတ်လပ်ရေးရဲ့ အသီးအပွင့်တွေ၊ ရလဒ်တွေကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်နဲ့ ပြည်သူလူထု ချမ်းသာကြွယ်ဝခြင်းနဲ့အတူ နိုင်ငံတကာအလယ်မှာ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်ရေးတို့ပဲ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အချက်ငါးချက်ပါရှိသည့် လွတ်လပ်ရေးနေ့ကြေညာချက်ကို ဖတ်ကြားပြီး နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် သံရုံးများမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ သဘာပတိအဖွဲ့ဝင် ဦးအုန်းကြိုင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## မြန်မာ့ရုပ်မြင်သံကြား

၅-၁-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၅ - MRTV Travelogue
- ၇:၄၀ - လှေလှော်စရာစုံလင် အမိမြန်ပြည်တစ်ခွင် "အံ့ဖွယ်တမူမဟာဆဒ္ဒန်ဂူ"
- ၁၀:၃၀ - "မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ"
- ၁၂:၃၅ - This Week's Special Interest
- ၁၃:၀၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ပွေလီဝေလင်း"

**ညပိုင်း**

- ၁၅:၁၅ - MFF Charity Cup for the Launching of 2020 New Season ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရှမ်းယူနိုက်တက် FC အသင်းနှင့် ရန်ကုန်ယူနိုက်တက် FC အသင်း)
- ၁၇:၃၅ - NHK အစီအစဉ်
- ၁၈:၂၅ - "အယ်လ့်ဘာ့တီးနား ဆိုလီယာနီနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၉:၄၅ - "မျိုးချစ်စိတ်ဓာတ်ကို ထင်ဟပ် အင်းဝဆင်ကျုံး ခံတပ်"
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
- ၂၀:၃၅ - "မီးတစ်ပွင့်ရဲ့ရာဇဝင်" (အပိုင်း-၃)
- - "ဖြတ်သန်းလာသမျှ အနုပညာဘဝ" (ချစ်သော ရတနာပုံနှင့် ငယ်ဘဝ) (ဆူးငှက်)(အပိုင်း-၁)
- - လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးများ "သမိုင်းကို ပြောသော တေးများ"

# တတိယအကြိမ် လွတ်လပ်ရေးလှူပ်ရှားမှု နိုင်ငံတကာ ရုပ်ရှင်ပွဲတော် (မြန်မာနိုင်ငံပြပွဲ)ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

တတိယအကြိမ် လွတ်လပ်ရေးလှူပ်ရှားမှု နိုင်ငံတကာ ရုပ်ရှင်ပွဲတော် (မြန်မာနိုင်ငံပြပွဲ) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံတွင် ကျင်းပခဲ့သည်။ အဆိုပါ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်တို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်း တာဝန်ခံ မစ္စရီယူရီက မြန်မာနှင့် ကိုရီးယား လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့သူများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြပြီး "ငါ့ညီငါ့မြေငါ့အမေ" ဇာတ်ကားအား ပြသခဲ့သည်။

ယခုပြုလုပ်သော တတိယအကြိမ် လွတ်လပ်ရေးလှူပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပွဲတော်(မြန်မာနိုင်ငံပြပွဲ)သည် ၂၀၁၈ ခုနှစ်မှစတင်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် တတိယအကြိမ်မြောက် ဖြစ်သည်။ ယင်းရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက် နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြင့် အများပြည်သူကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မိုးညှင်းမြို့နယ် လုံးတုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီက မိုးညှင်းမြို့နယ် မမုန်ကိုင်ကျေးရွာ၏အနောက်ဘက် သုံးမိုင်ခန့်အကွာ လယ်ကွင်းပြင်တွင်တွေ့ရှိသူ သန်းအောင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက်ပိုင်းတွင် တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် နောင်ပါယ်ကျေးရွာ၊ နောင်ပါယ်တံတားအနီး မိုင်းပျဉ်း- တောင်ကြီးသွားလမ်းတွင် စည်သူ(ခ)စည်သူဟိန်းစံ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈၀ ကိုလည်းကောင်း။

ထို့အတူ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် လွယ်ငင်းကျေးရွာအုပ်စု နားအွမ်ကျေးရွာနေ စိုင်းနောင့်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ ကိုလည်းကောင်း။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာနေ အားတီ(ခ) ချိန်ယုံစိမ်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၆၀၀၀ နှင့် အိုက်စ် ရှစ်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားရိုက်နှိပ်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ သံမို အစုံ ၂၀ နှင့် 88/1 တံဆိပ်ပါ သံမို အစုံ ၂၀ တို့ကိုလည်းကောင်း၊ အလားတူ ညနေ ၄ နာရီတွင် တပ်မတော်မှ ကုန်းကြမ်းမြို့နယ် တဗ့ကုန်းကြမ်းကျေးရွာအုပ်စု ရှားယှီထန်ကျေးရွာ၏အနောက်ဘက် ခုနစ်ဖာလုံခန့်အကွာတွင် လူနေထိုင်ခြင်းမရှိသည့် တောင်ယာတဲပျက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၃၈ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# စစ်ကိုင်းမြို့တွင် ကိုရင်နှစ်ပါး ဆွမ်းခံထွက်သွားရာမှ ပျောက်ဆုံးသွားသဖြင့် ရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေအပ်နှံပေးခဲ့

**နေပြည်တော် ဇန်နဝါရီ ၄**

စစ်ကိုင်းမြို့တွင် ကိုရင်နှစ်ပါး ဆွမ်းခံထွက်သွားရာမှ ပျောက်ဆုံးသွားသဖြင့် ရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေအပ်နှံပေးခဲ့ရကြောင်း သိရသည်။

စစ်ကိုင်းမြို့ ရွှေသမားရပ်ကွက်ရှိ ရွှေသမားကျောင်းတိုက်တွင် စာသင်သားအဖြစ် ကိုရင်ဝတ် နေထိုင်သော နန့်ဆန်မြို့နယ် စုံဟင်ကျေးရွာနေ ရှင်အာစိဏ္ဏ(ခ) အောင်မွန်း ရှစ်နှစ်၊ ဝါတော် နှစ်ဝါနှင့် ရှင်ဩဘာသ (ခ) မောင်ရွှေထိန် ခုနစ်နှစ်၊ ဝါတော် တစ်ဝါတို့သည် ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီခန့်က စစ်ကိုင်းမြို့ အတွင်း ဆွမ်းခံထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် အစ်ကိုဝမ်းကွဲ တော်စပ်သူ ဉူးသုမင်္ဂလ(၂၂)နှစ်၊ ဝါတော် သုံးဝါက လိုက်လံရှာဖွေ သော်လည်း တွေ့ရှိခြင်းမရှိသောကြောင့် ဇန်နဝါရီ ၂ ရက်တွင် စစ်ကိုင်းမြို့မရဲစခန်းသို့ လာရောက်အကြောင်းကြားသဖြင့် စစ်ကိုင်းမြို့မရဲစခန်းက စုံစမ်းစစ်ဆေးရှာဖွေခဲ့သည်။

ယင်းသို့ စုံစမ်းစစ်ဆေးရှာဖွေနေစဉ် ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် စစ်ကိုင်းမြို့ ပစ်တိုင်းထောင်ချောင်သီလရှင်ကျောင်းတိုက် ကျောင်းထိန်းဆရာလေး ဒေါ်သီရိစန္ဒာက အဆိုပါကိုရင်နှစ်ပါးအား ထိန်းသိမ်းထားရှိကြောင်းသတင်းအရ သွားရောက်အတည်ပြုစစ်ဆေးခဲ့ပြီး ဒေါ်သီရိစန္ဒာက ဇန်နဝါရီ ၂ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းမြို့ မြို့မဈေးကြီးအနီး မြန်မာစကားကောင်းစွာမတတ်သော ကိုရင်နှစ်ပါးအားတွေ့ရှိရသောကြောင့် ၎င်းနေထိုင်သော ပစ်တိုင်းထောင်ချောင်ကျောင်းတိုက်သို့ ခေါ်ယူစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ ကိုရင်နှစ်ပါးအား ရွှေသမားကျောင်းတိုက်ရှိ အစ်ကိုဝမ်းကွဲတော်စပ်သူ ဉူးသုမင်္ဂလထံ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြန်လည်အပ်နှံထားရှိကြောင်း သိရသည်။ **ရဲပြန်ကြား**


Don't Use Cell Phone While Driving

အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(လပွတ္တာမြို့)



၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈)ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုပါဝင်ဆင်နွဲနိုင်ပါသည်။

ရောဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။

# ဝေါမြို့၌ ကလေးစာပေပွဲတော်နှင့် စာအုပ်စာပေပြပွဲ၊ စာအုပ်ဈေးရောင်းပွဲ ကျင်းပ

**ဝေါ ဇန်နဝါရီ ၄**

ပဲခူးခရိုင်အတွင်းရှိ ဝေါမြို့ မြို့နယ်ခန်းမ၌ ကလေးစာပေပွဲတော်နှင့် စာအုပ်စာပေပြပွဲ၊ စာအုပ်ဈေးရောင်းပွဲကို ယမန်နေ့က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကလေးစာပေပွဲတော် (ဝေါ)အခမ်းအနားကို အ.ထ.က(ဝေါ)မှ ကျောင်းသား ကျောင်းသူလေးများက "ကလေးစာပေပွဲတော် (Theme Song)" တေးသီချင်း သီဆို၍ ဖွင့်လှစ်ပေးပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကား ပြောကြားကာ အ.ထ.က(ဝေါ) ကျောင်းဝင်းအတွင်းရှိ ပြိုင်ပွဲများ၊ ပြခန်းများ၊ ဂိမ်းကစားပွဲများနှင့် စာအုပ်ဈေးရောင်းပွဲအား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲများ ပါဝင်ပြီး စကားပုံဆက်၊ အရုပ်ဆက်၊ ဆန်ကောရွက်၊ ဘောလုံးကစားခြင်း၊ ခွက်နင်းကစားခြင်း၊ ဖိနပ်စီးကစားခြင်း စသည့် ဂိမ်းကစားပွဲများ ပါဝင်သည့်အပြင် ကလေးစာဖတ်ခန်း၊ အသိပညာပေးပြခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဇန်နဝါရီ ၃ ရက်မှ ၅ ရက်အထိ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

# ကမ္ဘောဒီးယားအနောက်တောင်ဘက်တွင် ဆောက်လက်စအဆောက်အအုံပြိုကျရာ ခြောက်ဦးသေဆုံး

**ကပ် ဇန်နဝါရီ ၄**

ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ဘက်ရှိ ကပ်ပြည်နယ်တွင် ယမန်နေ့က ဆောက်လက်စ ခြောက်ထပ်တည်းခိုရိပ်သာ ပြိုကျမှုဖြစ်ပွားရာ ကမ္ဘောဒီးယားအလုပ်သမား ခြောက်ဦးသေဆုံးခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၄ ရက်တွင် ပြောခဲ့သည်။

ပြိုကျအဆောက်အအုံအပျက်အစီးများကြားမှ လူ ၂၂ ဦးကို ဆွဲထုတ်ခဲ့ရကြောင်းနှင့် ၎င်းတို့ထဲတွင် လူ ခြောက်ဦးသေဆုံးခဲ့ကြောင်း ကပ်ပြည်နယ်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ ရော့စ်ယူဒေါင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ သေဆုံးသူများမှာ အသက် ၁၅ နှစ်မှ ၅၆ နှစ်ကြားရှိသူများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အလုပ်ကြီးကြပ်သူတစ်ဦး အပါအဝင် လူ ၂၀ မှ ၃၀ ခန့်အပျက်အစီးများကြား ပိမိနေကြောင်း မျက်မြင်များ၏ ပြောကြားချက်အရ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

အဆိုပါ မတော်တဆမှုသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အလုပ်သမားများသည်



ပြိုကျနေသော အဆောက်အအုံကို တူးဖော်မှုများ ပြုလုပ်နေစဉ်။

မြေညီထပ်မပါ ခုနစ်ထပ်မြောက်အခန်းကို ကြမ်းခင်းလောင်းစဉ် အဆောက်အအုံမှာ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချို ဟွန်ဆင်သည် အဆိုပါ အဆောက်အအုံပြိုကျသည့်နေရာသို့ ယမန်နေ့က လာရောက်ကြည့်ရှုပြီး အလုပ်သမားများနှင့် အဆောက်အအုံ ပြိုကျမှုအောက်တွင် ပိမိနေသူများကို ဆက်လက်ရှာဖွေမှုများ ပြုလုပ်ရန် ကယ်ဆယ်ရေးအဖွဲ့ကို တိုက်တွန်းပြောကြားခဲ့သည်။

ပြိုကျအဆောက်အအုံအပျက်အစီးများကို ဖယ်ရှားရာတွင် မြေတူးဖော်ရေးစက်များနှင့် ကရိန်းများကိုလည်း အသုံးပြုခဲ့ကြသည်။ လူနာတင်ယာဉ်များမှာလည်း အဆင်သင့် ဖြစ်နေကြောင်း သိရသည်။ ပျောက်ဆုံးသူများ၏ ဆွေမျိုးများလည်း ဝမ်းနည်းကြေကွဲပြီး ဆုတောင်းမှုများ ပြုလုပ်လျက်ရှိသည်။

ကပ်ပြည်နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးချုပ်ဟွန်တစ်က ကယ်ဆယ်ရေးသမား ၁၀၀၀ ကျော် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်းနှင့် အဆောက်အအုံတည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါ အဆောက်အအုံကို ၂၀၁၈ ခုနှစ် ဩဂုတ်လက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

အဆောက်အအုံပြိုကျမှုနှင့်ပတ်သက်၍ ပိုင်ရှင်ကို ဖမ်းဆီးထိန်းသိမ်းထားပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ငါးထပ်တိုက်ဆောက်လုပ်ရန်သာ ခွင့်ပြုမိန့်ချပေးခဲ့သော်လည်း ပိုင်ရှင်က ခုနစ်ထပ်အထိ တည်ဆောက်သောကြောင့် ယခုလို ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်မြေယာစီမံခန့်ခွဲမှုကော်မတီက ပြောသည်။ **ဆင်ဟွာ**

# အမေရိကန်က အရှေ့အလယ်ပိုင်းကို တပ်သား ၃၅၀၀ ဖြန့်ကြက်မည်

**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန် ပြည်ထောင်စု၏ လေကြောင်းတိုက်ခိုက်မှုတွင် အီရန် ထိပ်တန်းတပ်မှူး တစ်ဦး သေဆုံးခဲ့ပြီးနောက် အမေရိကန်သည် အရှေ့အလယ်ပိုင်းသို့ တပ်ဖွဲ့ဝင် ၃၅၀၀ ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများ၏ ပြောကြားချက်များကို ကိုးကား၍ ဒေသတွင်း မီဒီယာများတွင် သတင်းဖော်ပြထားသည်။

အမှတ် ၈၂ လေတပ် တပ်ဖွဲ့မှ နောက်ထပ်တပ်ဖွဲ့ဝင်များကိုလည်း အီရတ်၊ ကူဝိတ်နှင့် အခြားဒေသများသို့ တပ်ဖြန့်ချထားမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများ၏ ပြောကြားချက်များကို ကိုးကားပြီး အင်န်ဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တပ်ဖွဲ့အချို့ကို ယခုသီတင်းပတ်ထက် စောနိုင်သမျှ စောစွာ ကူဝိတ်သို့ တပ်ဖြန့်မည်ဖြစ်ကြောင်း သည်ဝေါစထရိစ်ဂျာနယ်က ယမန်နေ့က ဖော်ပြသည်။




အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုသည် အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီကို လေကြောင်းမှ သုတ်သင်ပြီးနောက် ပင်တဂွန်၏ အရှေ့အလယ်ပိုင်းကို တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည့်အစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်၏ လေကြောင်း တိုက်ခိုက်မှုအတွင်း အီရန်ဗိုလ်ချုပ်ကြီးနှင့်အတူ အီရတ်ပြည်သူ့စစ်ခေါင်းဆောင် တပ်မှူး အဘူမာဒီအယ်လ်မူဟန်ဒစ်လ်း သေဆုံးခဲ့သည်။

အီရန် ထိပ်တန်းခေါင်းဆောင် အရာတိုလာအလီခါမေနီက အီရန်တပ်မှူးအား လုပ်ကြံသတ်ဖြတ်သွားသူများကို အီရန်က ပြင်းထန်စွာ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည့် သတင်းကို အီရန်နိုင်ငံပိုင်ရုပ်သံက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

## ၂၀၁၉ ခုနှစ်အတွင်း တာလီဘန်များနှင့်ဆက်စပ်သည့် တိုက်ခိုက်မှုကြောင့် အရပ်သား ၂၂၀၀ ကျော် သေဆုံး

**ကဘူးလ် ဇန်နဝါရီ ၄**

၂၀၁၉ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်များနှင့်ဆက်စပ်သည့် တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သား ၂၂၀၀ ကျော် သေဆုံးခဲ့ရကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၄ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

၂၀၁၉ခုနှစ်တွင် တာလီဘန်တို့ဘက်မှ အသေခံတိုက်ခိုက်မှုများ၊ ဖောက်ခွဲမှုများ ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့ကြသည်။ အာဖဂန် ပြည်ထဲရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ လွန်ခဲ့သည့်နှစ်အတွင်း တာလီဘန်များ၏ တိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးသူ ၂၂၀၀ခန့်ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၅၁၇၂ ဦး ရှိခဲ့ကြောင်း သိရသည်။ ဇန်နဝါရီ ၄ ရက် အစောပိုင်းကလည်း ဘလ်ခ်ပြည်နယ်မြောက်ပိုင်း မာဇာအီရှာရစ်မြို့တွင် ဖောက်ခွဲမှုကြောင့် အရပ်သားတစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဒယ်ရှာအဒယ်က ပြောသည်။

မည်သည့်အရာကို ပစ်မှတ်ထားကာတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ကိုမူ မသိရသေးပေ။ တာလီဘန်စစ်သွေးကြွများသည် ပြည်တွင်းလုပ် လမ်းဘေးဗုံးများ၊ မြေမြှုပ်မိုင်းများအသုံးပြုပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ အသေခံတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။

အဆိုပါပြည်တွင်းဖြစ်ဗုံးများဖြင့်တိုက်ခိုက်မှုကြောင့် အရပ်သားများစွာ ထိခိုက်ကြရသည်။ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ စစ်ရာဇဝတ်မှုမြောက်ပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်ဖြစ်ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ အရပ်သားများ ဘဝလုံခြုံစိတ်ချရရေးကိုလည်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနနှင့် အာဖဂန်အမျိုးသားရဲတပ်ဖွဲ့က ကတိပြုကြောင်း ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည်။

**ဆင်ဟွာ**

## အီရန်ထိပ်တန်းတပ်မှူးကို အမေရိကန်က လုပ်ကြံသတ်ဖြတ်ပြီးနောက် တင်းမာမှုများမြင့်တက်

**ဝါရှင်တန် ဇန်နဝါရီ ၄**

အီရန်တော်လှန်ရေးစောင့်တပ်မှ အဆင့်မြင့်အရာရှိကြီးကို အမေရိကန်တပ်ဖွဲ့ဝင်များက လုပ်ကြံသတ်ဖြတ်ပြီးနောက် အီရန်နှင့် အမေရိကန်တို့ကြား ဆက်ဆံရေးတင်းမာမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီမှာ ဇန်နဝါရီ ၃ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် အမေရိကန်တို့၏လေကြောင်းမှတိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ရသည်။ ဇန်နဝါရီ ၃ ရက်တွင် သမ္မတထရမ့် မိန့်ခွန်းပြောကြားရာ၌ သံတမန်များ၊ တပ်ဖွဲ့ဝင်များ၊ အမေရိကန်နိုင်ငံသားများအားလုံးနှင့် မဟာမိတ်များကို အမြဲတမ်းကာကွယ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာဆမ်းဆိုလန်းမန်းနီမှာ အမေရိကန်သံတမန်များနှင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များကို တိုက်ခိုက်ရန် ကြံစည်နေကြောင်း၊ ယင်းကြောင့်၎င်းကို အဆုံးသတ်လိုက်ခြင်းဖြစ်ကြောင်း၊ စစ်ပွဲကိုရပ်တန့်ရန် ယမန်နေ့ညက တိုက်ခိုက်မှု ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စစ်ပွဲကိုမစတင်လိုကြောင်း ထရမ့်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားရေကြီးမှု သေဆုံးသူ ၅၃ ဦးအထိရှိပြီး လူထောင်ပေါင်းများစွာ ခိုလှုံရေးစခန်းများတွင် နေထိုင်နေရ

**ဂျကာတာ ဇန်နဝါရီ ၄**

ထောင်နှင့်ချီသည့် အင်ဒိုနီးရှားနိုင်ငံသားများသည် ဇန်နဝါရီ ၄ ရက်တွင် ရေများဖြင့်ပြည့်နေသည့် ၎င်းတို့၏နေအိမ်များသို့ ပြန်ရန်မဖြစ်နိုင်သေးပေ။ ဂျကာတာမြို့တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၅၃ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောသည်။

လူပေါင်း ၁၇၀၀၀၀ မှာ ရေလွှမ်းမိုးမှုကြောင့် ခိုလှုံရာနေရာများသို့ သွားရောက်နေထိုင်နေရသည်။ နှစ်သစ်ကူးညကတည်းက မိုးအဆက်မပြတ်ရွာသွန်းနေပြီး ဂျကာတာနှင့် ဂျာဗာကျွန်းတောင်ပိုင်း စွန်းရှီလီဘတ်ခ်တို့တွင် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။ ဇန်နဝါရီ ၄ ရက်တွင် သေဆုံးသူအရေအတွက်မှာ ၅၃ ဦးအထိရှိလာပြီး တစ်ဦးမှာ ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှား သဘောဂဗေဒ အေဂျင်စီက ပြောသည်။

ရေလွှမ်းမိုးမှု အဆိုးရွားဆုံးခံစားနေရသည့် နေရာမှ အိမ်ရာမဲ့များထံ အာဏာပိုင်များသွားရောက်ကြည့်ရှုမည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဂတ်စ်ဝီဘိုဝိုက ပြောသည်။

ခိုလှုံရာ အဆောက်အအုံများတွင် မွေးကင်းစကလေးငယ်များအပါအဝင် လူများနှင့်ပြည့်နှက်နေပြီး အစားအသောက်နှင့် သောက်ရေတို့ နည်းပါးလာကြောင်း သိရသည်။ ဆေးဝါးများဖြန့်ဖြူးပေးရန်အတွက်လည်း ကျန်းမာရေးလုပ်သား ၁၁၀၀၀ ကို တာဝန်ချထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဂျကာတာမြို့အနီးရှိ မိသားစုတစ်စုမှာလည်း မီးစက်အသေးစားမှ ဓာတ်ငွေ့အဆိပ်သင့်မှုကြောင့် အသက်လေးနှစ်နှင့် ကိုးနှစ်အရွယ်ကလေး နှစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။ နောက်ထပ်ရေနစ်သေဆုံးမှုများ၊ ဓာတ်လိုက်သေဆုံးမှုများလည်း ရှိကြောင်း သိရသည်။ နိုဝင်ဘာလနှောင်းပိုင်းမှ စတင်ကာ မိုးရာသီစတင်ပြီး ဂျကာတာမြို့သည် မိုးရာသီတွင် မကြာခဏဆိုသလို ရေလွှမ်းမိုးမှုဒဏ်ခံစားရသည်။ သို့သော် ယခုသီတင်းပတ်တွင် ဂျကာတာ၌ဖြစ်ပေါ်နေသည့်ရေကြီးမှုမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်းအဆိုးရွားဆုံးပင်ဖြစ်သည်။ **အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆိုမာလီယာတပ်ဖွဲ့ဝင်များက အယ်လ်ရှာဘတ်စစ်သွေးကြွ ၃၀ ခန့်ကို ရှင်းလင်း

မိုဂါဒစ်ရှူး ဇန်နဝါရီ ၄

ဆိုမာလီယာ အထူးတပ်ဖွဲ့ဝင်များသည် တိုင်းပြည်တောင်ပိုင်းတွင် စစ်ဆင်ရေးပြုလုပ်ခဲ့ရာ အယ်လ်ရှာဘတ်စစ်သွေးကြွ ၃၀ ခန့်ကို ရှင်းလင်းသုတ်သင်နိုင်ခဲ့ကြောင်း ဆိုမာလီယာတပ်ဖွဲ့ အရာရှိတစ်ဦးက ဇန်နဝါရီ ၄ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါစစ်ဆင်ရေးကို ဇန်နဝါရီ ၃ ရက်က ဘာလိုအာလိုဒေသတွင် အထူးတပ်ဖွဲ့ဝင်များက သေချာစီစဉ်ကာပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အယ်လ်ရှာဘတ် စစ်သွေးကြွ ၃၀ ခန့်ကို ရှင်းလင်းနိုင်ခဲ့ကြောင်း တပ်မှူး အစ္စမေးလ်အဗ္ဗဒီမာလစ်က ပြောသည်။ ၎င်းတို့ တပ်ဖွဲ့ဝင်များအနေဖြင့် စစ်သွေးကြွများဘက်မှ တိုက်ပွဲတွင် အသုံးပြုသည့်ယာဉ်များကိုလည်း ဖမ်းမိခဲ့ကြောင်း ပြောသည်။ အစိုးရတပ်များက မြို့အတွင်းရှိ အယ်လ်ရှာဘတ်စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အပျက်အစီးများကြောင်း၊ မော်တော်ယာဉ်များလည်း မီးလောင်ကြောင်း ဒေသခံတစ်ဦးဖြစ်သူ လီလိုအိုစမန်က ပြောသည်။ လွန်ခဲ့သည့် သုံးရက်ခန့်ကလည်း ဆိုမာလီယာအထူးတပ်ဖွဲ့ဝင်များသည် အယ်လ်ရှာဘတ်စစ်သွေးကြွ ၂၀ ခန့်ကိုစစ်ဆင်ရေးအတွင်း ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အမေရိကန်သဘောထား မပျော့ပျောင်းလျှင် အရေးယူမှုများလုပ်မည်ဟု မြောက်ကိုရီးယားပြော

ပြုံယမ်း ဇန်နဝါရီ ၄

တာဝေးပစ်ဒုံးကျည်နှင့် နျူကလီးယားစမ်းသပ်မှု ရပ်ဆိုင်းထားခြင်းကို လိုက်နာရန် မလိုတော့ကြောင်းနှင့် နျူကလီးယားဆွေးနွေးပွဲနှင့် ပတ်သက်ပြီး အမေရိကန်က ပျော့ပျောင်းသည့် ရပ်တည်ချက်မပြဘူးဆိုလျှင် အရေးယူဆောင်ရွက်မှုများလုပ်ဆောင်သွားမည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက သတိပေးပြောကြားလိုက်သည်။

အမေရိကန်က တောင်ကိုရီးယားနှင့် စစ်ရေးလေ့ကျင့်မှုများ ဆက်လုပ်နေပြီး တောင်ကိုရီးယားကို လက်နက်များ ဆက်လက်ရောင်းချနေမည်ဆိုပါက မိမိအနေဖြင့် နျူကလီးယားဒုံးကျည်စမ်းသပ်မှုများကို ရပ်ဆိုင်းထားမည်မဟုတ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် သုံးကြိမ်တွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင်က တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများ မလုပ်ဆောင်တော့ဟု ကတိပေးခဲ့ကြောင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဆက်ဆံရေးကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ထရီပိုလီကိုကာကွယ်ဖို့ တူရကီရဲ့စစ်ရေးဖြန့်ကြက်မှု ဘယ်သူတွေအတွက် အကျိုးရှိမှာလဲ

*ထွန်းသစ်စ*

ထရီပိုလီရှိ ကုလသမဂ္ဂထောက်ခံအစိုးရကို ကူညီတဲ့အနေနဲ့ တူရကီပါလီမန်ဟာ လစ်ဗျားမှာ စစ်ရေးဖြန့်ကြက်မှုလုပ်ဆောင်ဖို့ ဥပဒေကြမ်းတစ်ခုကို ဇန်နဝါရီ ၂ ရက်မှာ အတည်ပြုလိုက်ပါတယ်။ ရန်သူတွေပတ်ပတ်လည်ဝိုင်းနေပြီး သောကပွေနေတဲ့ ထရီပိုလီအစိုးရဟာ ဧပြီလကတည်းက စစ်ရေးစိတ်ထက်သန်တဲ့ ဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာရဲ့ တိုက်ခိုက်ခြင်းကို ခံနေရပါတယ်။ ဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာကို တူရကီရဲ့ ဒေသတွင်း ပြိုင်ဘက်တွေဖြစ်တဲ့ ဆော်ဒီအာရေဗျ၊ အီဂျစ်နဲ့ အာရပ်စော်ဘွားများပြည်ထောင်စုတို့က ထောက်ပံ့ပေးထားပါတယ်။



တူရကီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

**နိုင်ငံရေးအချက်ပြသင်္ကေတတစ်ခု**

ထရီပိုလီအခြေစိုက်အစိုးရက စစ်ရေးဆိုင်ရာထောက်ပံ့မှုတစ်ခုလုပ်ဆောင်ပေးရန် တောင်းဆိုမှုတစ်ခုကို သမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်ရဲ့ရုံးက လွန်ခဲ့တဲ့သောကြာနေ့က အတည်ပြုလိုက်ပါတယ်။

ဒါပေမယ့်လည်း စစ်ရေးဖြန့်ကြက်မယ့် အခြေအနေအသေးစိတ်ကိုလည်း ထုတ်ပြန်ဖော်ပြထားခြင်း မရှိပါဘူး။ အဲဒီလိုပဲ ဘယ်နေ့မှာ စစ်ရေးဖြန့်ကြက်မှု စတင်လုပ်ဆောင်မလဲဆိုတာကိုလည်း မသိရသေးပါဘူးလို့ ဒုတိယသမ္မတ ဖူရတ်အော့တေက နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်တဲ့ အနာဒိုလူသတင်းအေဂျင်စီကို ဇန်နဝါရီ ၁ ရက်က ပြောပါတယ်။

မိမိတို့အဆင်သင့်ဖြစ်နေကြောင်း၊ မိမိတို့ရဲ့ တပ်ဖွဲ့ဝင်တွေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတစ်ခုလုံး အဆင်သင့်ဖြစ်နေကြောင်း ဒုတိယသမ္မတ ဖူရတ်အော့တေက ဆက်ပြောပါတယ်။ ပါလီမန်ရဲ့ အတည်ပြုချက်ဟာ တစ်နှစ်အထိ အကျုံးဝင်နေမှာ ဖြစ်ပါတယ်။

ပါလီမန်ရဲ့ အဆိုပြုချက်ဟာ စစ်ရေးစိတ်ထက်သန်နေတဲ့ ဟက်ဖ်တာရဲ့ တပ်ဖွဲ့ကို ဟန့်တားဖို့ နိုင်ငံရေးအချက်ပြသင်္ကေတတစ်ခုဆိုရင်လည်း မမှားနိုင်ပါဘူး။

**ထောက်ပံ့ပေးနေတယ်**

ပါလီမန်က အတည်ပြုပြီးနောက် တခြားတစ်ဖက်က သဘောထားတွေ၊ ရပ်တည်ချက်တွေပြောင်းလဲလာပြီး အဆင်ပြေတယ်လို့ ပြောလာပြီဆိုပါက မိမိတို့အနေနဲ့ တပ်ဆုတ်မှုတွေ၊ ထိုးစစ်ဆင်မှုတွေကို စွန့်လွှတ်လိုက်လိုက်မယ်၊ အဲဒါဆို အဲဒီကို မိမိတို့ ဘာကြောင့်သွားဖို့လိုဦးမလဲလို့ ဒုတိယသမ္မတက ဆက်လက်ပြောပါတယ်။

ဒီဥပဒေကြမ်းကို တူရကီပါလီမန်က လွယ်လင့်တကူပဲ ထောက်ခံမဲ ၃၂၅ မဲမှာ ၁၈၅ မဲနဲ့ အတည်ပြုလိုက်တာဖြစ်ပါတယ်။

နိုဝင်ဘာလ ကုလသမဂ္ဂရဲ့ အစီရင်ခံစာမှာ နိုင်ငံအများစုက လစ်ဗျားနိုင်ငံနဲ့ ပတ်သက်ပြီး လက်နက်ကုန်သွယ်မှုပိတ်ပင်ထားမှုကို ဖောက်ဖျက်နေကြတယ်လို့ ဖော်ပြထားပါတယ်။ ဒီလိုဖောက်ဖျက်မှုတွေကို ၂၀၁၁ ခုနှစ်မှာ အချိန်ကာလတစ်ခုအထိ အုပ်စိုးခဲ့တဲ့ အာဏာရှင် မွမ်မာကဒါဖီကျဆုံးသွားချိန်ကတည်းက လုပ်ဆောင်နေကြတယ်လို့ အဲဒီအစီရင်ခံစာမှာ ဆက်လက်ဖော်ပြထားပါတယ်။

နွေရာသီ ပဋိပက္ခဖြစ်ပွားချိန်မှာ တူရကီနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုတို့ရဲ့ ထောက်လှမ်းရေးဒရုန်းယာဉ်တွေကို လစ်ဗျားကောင်းကင်မှာ ဖြန့်ကြက်ထားခဲ့ပါတယ်။ တူရကီက ထရီပိုလီအခြေစိုက်အစိုးရကို ထောက်ခံပေးနေချိန်မှာ ဂျော်ဒန်နဲ့ အာရပ်စော်ဘွားများပြည်ထောင်စုတို့ကလည်း ဟက်ဖ်တာရဲ့ တပ်ဖွဲ့တွေကို ထောက်ပံ့ပေးနေကြတယ်လို့ ကုလသမဂ္ဂရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချုပ်ချုပ်ဆို**

ရုရှားသမ္မတ ဗလာဒီမာပူတင်အနေနဲ့ တူရကီကို နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့ သွားရောက်မယ့်အချိန်မှာ လစ်ဗျားပဋိပက္ခဟာ ဆွေးနွေးရမယ့် အဓိကအကြောင်းအရာတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။

ဟက်ဖ်တာရဲ့ တပ်ဖွဲ့ဝင်တွေကို ထောက်ပံ့ဖို့ ကြေးစားစစ်သားတွေ ပေးပို့နေတယ်ဆိုကာ အာဒိုဂန်က ရုရှားကို ထပ်ကာထပ်ကာ စွပ်စွဲခဲ့ပါတယ်။ ဒီလိုစွပ်စွဲချက်တွေကို ရုရှားက ငြင်းဆိုထားပါတယ်။

တူရကီနဲ့ ရုရှားဟာ ဆီးရီးယားပဋိပက္ခမှာ ဆန့်ကျင်ဘက်အဖွဲ့တွေကို ထောက်ပံ့မှုတွေ လုပ်ဆောင်နေလင့်ကစား သူတို့ဟာ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုတွေလည်း ရှိနေပြန်ပါတယ်။ သူတို့ဟာ လစ်ဗျားအရေးမှာလည်း အလားတူမျိုးလုပ်ဆောင်မယ့်သဘောလည်းရှိနေတာကို တွေ့ရပြန်ပါတယ်။

မိမိတို့ဟာ နိုင်ငံတကာအသိအမှတ်ပြု လစ်ဗျားအစိုးရကို ထောက်ပံ့မှုတွေ လုပ်ဆောင်နေပါတယ်။ လစ်ဗျားအစိုးရကို ဆန့်ကျင်နေတဲ့အုပ်စုတွေကိုတော့ ထောက်ပံ့မှုတွေ မလုပ်ဆောင်ပါဘူးလို့ အာဒိုဂန်ရဲ့ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဖာရက်တင်အော်တမ်က လွန်ခဲ့တဲ့ရက်သတ္တပတ်က တွစ်တာမှာဖော်ပြခဲ့ပါတယ်။

တူရကီဟာ တခြားအကျိုးတွေရရှိဖို့အတွက် ထရီပိုလီအစိုးရနဲ့ မဟာမိတ်ပြုပူးပေါင်းမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ တူရကီဟာ ထရီပိုလီအစိုးရခေါင်းဆောင် ဖာရက်ဇ်အယ်လ်ဆာရက်ဂျ်နိုဝင်ဘာလက အစ္စတန်ဘူလ်ကို လာရောက်တုန်းကလည်း စစ်ရေးဆိုင်ရာ ပူးပေါင်းမှုစာချုပ်တွေ ချုပ်ဆိုခဲ့ပါတယ်။

**နောက်ကွယ်ကအကြောင်းရင်းတစ်ချက်**

မကြာသေးမီက ဓာတ်ငွေ့တွေအများအပြား တူးဖော်တွေ့ရှိရာ မြေထဲပင်လယ်ရဲ့ အစိတ်အပိုင်းအတော်များများ တူရကီကို ပေးအပ်လိုက်တယ်ဆိုတဲ့ ပင်လယ်ရေကြောင်း စီရင်ပိုင်ခွင့်သဘောတူစာချုပ်မျိုးကိုလည်း သူတို့ချုပ်ဆိုခဲ့ပြန်ပါသေးတယ်။

အဲဒီသဘောတူညီမှုကို နိုင်ငံတကာက ဝေဖန်ခဲ့ကြပါတယ်။ အထူးသဖြင့် ဂရိနိုင်ငံက ဝေဖန်ခဲ့တာဖြစ်ပါတယ်။ ဂရိနိုင်ငံက ထရီပိုလီအစိုးရဟာ အဲဒီနေရာနဲ့ပတ်သက်ပြီး အလေးအနက်သဘောမထားဘူးလို့ ဆိုပါတယ်။

ဒီလိုလုပ်ခြင်းအားဖြင့် အန်ကာရာဟာ ဒေသတွင်းစွမ်းအင်ဖိုရမ်ရဲ့ ကတိကဝတ်တွေကြားမှာ အေးခဲနေတဲ့ သူ့ရဲ့အခြေအနေကို တုံ့ပြန်လိုက်တဲ့သဘောပဲဖြစ်ပါတယ်။ အဲဒီဒေသတွင်းစွမ်းအင်ဖိုရမ်ကို အရှေ့မြေထဲပင်လယ်ဓာတ်ငွေ့ဖိုရမ်လို့ခေါ်ဆိုကြပါတယ်။ အဲဒီဖိုရမ်ကို ဆိုက်ပရက်စ်၊ ဂရိ၊ အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ အီတလီနဲ့ ပါလက်စတိုင်းနယ်ပယ်ဒေသတွေက ခေါင်းဆောင်တွေနဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

တူရကီနဲ့ အီဂျစ်စစ်အစိုးရကြား ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ တူရကီရဲ့ လစ်ဗျားမှာ စစ်ရေးဖြန့်ကြက်မှုလုပ်ဆောင်တဲ့ အယူအဆဟာလည်း မမှားပါဘူး။ ဒါဟာ တူရကီအနေနဲ့ လစ်ဗျားမှာ စစ်ရေးဖြန့်ကြက်မှုလုပ်ဆောင်မယ့် နောက်ကွယ်ကအကြောင်းရင်းတစ်ချက်လည်း ဖြစ်နိုင်ပါတယ်။

**အကျိုးအမြတ်တွေဖြစ်ပေါ်လာမလား**

အာဒိုဂန်ဟာ အီဂျစ်သမ္မတ အက်ဘ်ဒယ်ဖာတာအယ်လ်စီစီက ၂၀၁၃ ခုနှစ်မှာ ဖြုတ်ချခဲ့တဲ့အီဂျစ်မွတ်စလင်ညီအစ်ကိုများအစိုးရကို စိတ်အားထက်သန်စွာ ထောက်ပံ့မှုတွေလုပ်ဆောင်ခဲ့ပါတယ်။

စစ်ရေးစိတ်တွေနိုးကြားနေတဲ့ ဟက်ဖ်တာ့ဟာ သူ့ရဲ့တပ်ဖွဲ့ဝင်တွေကို တူရကီကုမ္ပဏီတွေနဲ့ တူရကီနိုင်ငံသားတွေကို ဖမ်းဆီးဖို့ ဟိုးအရင်ကတည်းက ညွှန်ကြားခဲ့ပါတယ်။ သူ့ရဲ့ ညွှန်ကြားမှုကြောင့် တူရကီသင်္ဘောသားခြောက်ယောက် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပါတယ်။

တူရကီဟာ လစ်ဗျားမှာစစ်ရေးဖြန့်ကြက်မှုလုပ်ဆောင်မယ်ဆိုရင် ထရီပိုလီအစိုးရကို တိုက်ခိုက်နေတဲ့ ဟက်ဖ်တာရန်က ကာကွယ်ရာရောက်နိုင်သလို တူရကီနဲ့ အီဂျစ်စစ်အစိုးရကြား ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေကို ကြိုတင်ကာကွယ်မှုလည်း လုပ်ဆောင်နိုင်မယ့်သဘော တွေ့ရပါတယ်။ တူရကီအနေနဲ့ အခုလို စစ်ရေးဖြန့်ကြက်ခြင်းဟာ ထရီပိုလီအစိုးရနဲ့ သူ့ရဲ့ကြားမှာ အကျိုးအမြတ်တွေ ဖြစ်ပေါ်လာဦးမယ့် အနေအထားလားဆိုတာတော့ မကျိန်းသေပါဘူး။ ॥ **ကိုးကား – အေအက်ဖ်ပီ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

## ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက်ဘက်မုခ်ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။**(ယာပုံ)**

နံနက် ၄ နာရီ မိနစ် ၂၀ တွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ စစ်တီးဝိုင်းအဖွဲ့ နှင့် အလံတင်တပ်ဖွဲ့တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို စင်မြင့်ပေါ်ရှိ တိုင်ထိပ်တွင် လွှင့်တင်ကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖတ်ကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှတ်တမ်းနှင့်ပတ်သက်သည့် နံရံကပ်ပြဘုတ်များကို ပြသထားခြင်း၊ လွတ်လပ်ရေးနေ့အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ ပျော်ရွှင်ဆင်နွှဲ အားကစားပြိုင်ပွဲများ ကျင်းပခြင်းတို့ ပြုလုပ်ခဲ့သည်။

**ဟိန်းထက်(ပဲခူး)**

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၄ ရက်က (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် စုပေါင်းအလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။

ယင်းနောက် တာဝန်ရှိသူတို့က (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထက်၊ လယ်၊ မူ အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် စက်ဘီးစီးပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

## ကချင်ပြည်နယ်

(၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။




(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ က ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်း ဦးဆောင်၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံ ကို လွှင့်တင်ကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက နိုင်ငံတော်အလံကို အလေးပြုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က နိုင်ငံတော်သမ္မတထံမှပေးပို့သော (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တောင်ကြီး

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်အပြည့်လွှင့်ထူပေးပြီးနောက် တာဝန်ရှိသူများမှ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို နံနက် ၇ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ ပထမဦးစွာ စစ်ရေးပြတပ်ခွဲက စစ်ကြောင်းများဖြင့် ချီတက်နေရာယူပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်အား အလေးပြု၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ဂုဏ်ပြုပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုစစ်ကြောင်းမှ သစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကရင်ပြည်နယ်

ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ဇန်နဝါရီ ၄ ရက်က (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ကျင်းပရာ တက်ရောက်လာသူများက အလံတင်အဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖတ်ကြားပြီး အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အလံစောင့်အဖွဲ့၊ အလံတင်အဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့နှင့် ဘင်ခရာစစ်တီးဝိုင်းအဖွဲ့တို့အား ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ခဲ့ပြီး (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖြစ် အပြေးပြိုင်ပွဲ**(အောက်ပုံ)**၊ စစ်တုရင်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ၊ လွန်ဆွဲ၊ ချောတိုင်တက်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ မူကြိုကလေးအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကယားပြည်နယ်

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လွိုင်ကော်မြို့ ကန္တာဟေဝန်ပန်းခြံရှိ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်၊ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထို့အတူ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်ကျေးရွာတို့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

**ထွန်းလေး**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ ကျပ် | ၉၈၅/၉၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၀ ကျပ် | ၉၈၅/၁၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၅ ကျပ် | ၉၃၀/၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ ကျပ် | ၁၀၃၅/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၇၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၂ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၅ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၃၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၈၀၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၅၃၈ | ၁၇၅၃၇၀၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၄၀၆၇ | ၁၅၆၇၆၁၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၅၁ | ၄၁၈၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၇၉၀ | ၁၈၁၇၀၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၃၅၄ | ၁၀၂၆၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင်
အငယ်တန်း သတင်းထောက်များ - တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ချော်ရည်ပူတွေနဲ့ မီးတောင်ကြီးတွေ

ကေ-ဂျူဝယ်လ်

**ကလေးတို့ မီးတောင်ကြီးတွေအကြောင်း စိတ်ဝင်စားကြသလား။ မမတို့နိုင်ငံမှာ ပုပ္ပားတောင်ဆိုတာ ရှိတယ်လေ။ သူက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မီးတောင်ဖြစ်ခဲ့ဖူးပြီး အခုအချိန်မှာတော့ ချော်ရည်ပူတွေ၊ မီးတောက်မီးလျှံတွေ လုံးဝ ငြိမ်းသွားတဲ့ မီးတောင်ဟောင်းတစ်ခုပေါ့။ မင်းဘူးမြို့နားမှာလည်း ရွှံ့ရည်တွေ တစ်ပွက်ပွက်နဲ့ လျှံကျနေတဲ့ ရွှံ့မီးတောင် ရှိသလို ရခိုင်ပြည်နယ်မှာလည်း ရွှံ့မီးတောင်ငယ်လေးတွေတော့ ရှိကြတယ်။ ဒီနေ့ မမပြောပြချင်တာက မီးတောင် အမျိုးအစားတွေထဲက ချော်ရည်တွေ၊ အခိုးအငွေ့တွေနဲ့ မီးတောက်တွေ လျှံကျပေါက်ကွဲတတ်တဲ့ မီးတောင်ရှင်တွေ အကြောင်း ဖြစ်ပါတယ်။**



အေဒီ ၁၆၀၀ လောက်ကနေစတဲ့ မှတ်တမ်းမှတ်ရာတွေအရ ကမ္ဘာပေါ်မှာ မီးတောင်ပေါက်ကွဲတဲ့အတွက် လူပေါင်းသုံးသိန်းကျော် သေဆုံးခဲ့ကြရဖူးတယ်တဲ့။

မီးတောင်တွေ ဖြစ်ပေါ်လာကြရတဲ့အကြောင်းရင်းကတော့ ကလေးတို့ အခုနေတဲ့ ကမ္ဘာမြေကြီးအောက်မှာ မြေလွှာတွေ၊ ရေလွှာတွေ၊ ကျောက်သားလွှာတွေရှိပြီး အဲဒါတွေရဲ့ အတွင်းပိုင်းမှာ အလွန်ပူပြင်းတဲ့ ချော်ရည်ပူတွေ ရှိသတဲ့။ အဲဒီချော်ရည်ပူတွေဟာ အတွင်းမှာ ဖိအားများလာတဲ့အခါ အပြင်ကို ထိုးထွက်နိုင်ဖို့ ကြိုးစားတာပေါ့။ ကမ္ဘာကြီးရဲ့ မြေသားပျော့တဲ့နေရာတွေ၊ အက်ကြောင်းတွေကနေ ချော်ရည်ပူတွေ တိုးထွက်လာလိုက်တာ သူဖြတ်သန်းသမျှ အလွှာတွေက ကျောက်သားတွေ၊ မြေသားတွေ အားလုံးကို တွန်းကန်လာပြီး တစ်နေရာမှာတော့ အပြင်ကို ပေါက်ကွဲပန်းထွက်တော့တာပေါ့။ အဲဒါကို မီးတောင်ပေါက်ကွဲတယ်လို့ ခေါ်ပါတယ်။

မီးတောင်တွေ မပေါက်ကွဲခင်မှာ အရင်ဆုံးကမ္ဘာမြေကြီးက သိမ့်သိမ့်တုန်ပြီး လှုပ်ခတ်လာသတဲ့။ အဲဒါက မီးတောင်ပေါက်ခါနီး မြေငလျင်လှုပ်တာ ဖြစ်ပါတယ်။ ငလျင်တွေလှုပ်ခတ်ပြီးမကြာမီမှာပဲ မြေသားပျော့တဲ့နေရာကနေ ချော်တွေ၊ မီးခိုးငွေ့တွေ၊ ပြာတွေနဲ့ ကျောက်တုံးတွေ၊ မီးတောက်မီးလျှံတွေနဲ့ ဆာလ်ဖာဓာတ် ပေါင်းထားတဲ့ ဓာတ်ငွေ့တွေ၊ ကလိုရင်းနဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ဓာတ်ငွေ့တွေဟာ အပြင်ကို တိုးထွက်လာတော့တာပဲ။ မီးတောင်နဲ့ အနီးပတ်ဝန်းကျင်ဟာ ချော်ရည်တွေနဲ့ ဖုံးလွှမ်းသွားပြီး ချော်ရည်တွေက တဖြည်းဖြည်းများလာတဲ့အခါ မြင့်မားတဲ့ တောင်ကြီးလိုဖြစ်သွားပြီး ချော်ရည်တွေက အေးခဲမာကျော သွားတော့တာပေါ့။ ချော်ကျောက်တောင်တွေရဲ့ အလယ်မှာတော့ မီးတောင်ကြီးရဲ့ ထိပ်ဝရှိတယ်။ မီးတောင်ထိပ်ဝကနေ ဘာမှထပ်ပြီး မထွက်တော့ဘဲ နှစ်ပေါင်းများစွာ ကြာသွားပြီးမှ ရုတ်တရက် မီးတောင်တွေအဖြစ် ပြန်ပြီးပေါက်ကွဲတာမျိုးလည်း ရှိတတ်သတဲ့။



အေဒီ ၇၉ တုန်းက ဥရောပတိုက် အီတလီ နိုင်ငံက ဗီဆူးဗီးယပ် မီးတောင်ကြီး ပေါက်ကွဲမှု ဖြစ်ခဲ့တဲ့အတွက် ပွန်ပီအိုင်မြို့ကြီးက လူတွေ၊ အိမ်တွေနဲ့ အရာဝတ္ထုတွေအားလုံး ပြာရည်တွေ ဖုံးလွှမ်းသွားပြီး ပြာကျောက်ခဲဖြစ်ခဲ့ရဖူးပါတယ်။

မီးတောင်တွေက အခုလိုကမ္ဘာကြီးသက်တမ်းရှည်လာတော့ သိပ်မထွက်ကြတော့ပေမယ့် အရင်ကမ္ဘာကြီး သက်တမ်းနုတုန်းကဆိုရင် ခဏခဏပေါက်ကွဲထွက်တတ်ကြသတဲ့။ မီးတောင်တွေကို အာရှ၊ ဥရောပစတဲ့ တိုက်ကြီးတွေပေါ်မှာထက် ပင်လယ်သမုဒ္ဒရာတွေထဲက ကျွန်းတွေမှာ ပိုပြီးတွေ့ရသတဲ့။ ရေအောက်မှာလည်း မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်တွေ ရှိတတ်ပြီး ဆူနာမီလှိုင်းလုံးကြီးတွေလို ကြီးမားတဲ့ ရေလှိုင်းကြီးတွေဖြစ်လာတတ်သတဲ့။ မီးတောင်ချော်ရည်မှာတော့ နှစ်မျိုးရှိပြီး ချော်ရည်ပူတွေထဲမှာ ဆီလီကာ ၅၈ ရာခိုင်နှုန်းလောက်ပဲပါရင် ကမ္ဘာမြေအောက်ဆုံးလွှာတွေကနေ ထွက်လာတာဖြစ်ပြီး အပူချိန် ဖာရင်ဟိုက် ၂၂၅၀ ဒီဂရီလောက်မှာ အရည်ပျော်သွားတာဖြစ်ပြီး ဗေးဆစ်ချော်ရည်လို့ ခေါ်ပါတယ်။

နောက်တစ်မျိုးကတော့ ကမ္ဘာမြေလွှာအပေါ်ပိုင်းက ပေါက်ကွဲထွက်တာဖြစ်ပြီး ချော်ရည်တွေကလည်း ခပ်ပျစ်ပျစ်ရှိပြီး အက်ဆစ်ချော်ရည်လို့ ခေါ်ပါတယ်။

အက်ဆစ်ချော်ရည်က အရည်ပျစ်တဲ့အတွက် မီးတောင်ရဲ့ပုံစံက မြင့်မားပြီး မက်စောက်ပါတယ်။ ဗေးဆစ်ချော်ရည်ထွက်တဲ့ မီးတောင်တွေကတော့ နိမ့်ပြီးဖြာကျတဲ့ တောင်တွေအဖြစ် ကျန်ရစ်ပါတယ်။ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေဟာ မီးတောင်ပေါက်ကွဲမှုမှာ အရေးပါတဲ့ ဓာတ်ငွေ့ဖြစ်ပါတယ်။

မီးတောင်ဝရဲ့အောက်မှာ အဲဒီဓာတ်ငွေ့တွေများတဲ့အခါ ထိပ်ဝက ကျောက်သားတွေ၊ ချော်ရည်ပူတွေကို တွန်းထုတ်ပြီး အပြင်ကို ပို့ဆောင်ပေးတာကြောင့် မီးတောင်ပေါက်ကွဲမှုဖြစ်ရင် ကြက်ဥပုပ်နံ့နဲ့ တူတဲ့ ဆာလ်ဖာဒိုင်အောက်ဆိုက်ဒ်နံ့တွေကို ရရှိကြပါတယ်။ အဲဒီအနံ့ဟာ များပြားတဲ့အခါ အနီးအနားက သက်ရှိတွေကို သေစေတဲ့အထိ အန္တရာယ်ပေးသလို ချော်ရည်ပူတွေနဲ့အတူ ထွက်လာတဲ့ မီးခိုးငွေ့တွေ၊ ပြာမှုန်တွေကြောင့်လည်း လေထုညစ်ညမ်းတာတွေ၊ လေယာဉ်ပျံသန်းမှုကို အနှောင့်အယှက် ဖြစ်စေတာတွေရှိပါတယ်။

ထူးခြားတာကတော့ သဘာဝကပေးတဲ့ ချော်ရည်တွေ ဖုံးလွှမ်းသွားတဲ့နေရာတွေဟာ တစ်ချိန်မှာ မြေသြဇာကောင်းမွန်တဲ့ မြေဆီအသစ်အဖြစ် သစ်ပင်ပန်းမန်တွေအတွက် အလွန်အကျိုးရှိပါတယ်။ မီးတောင်ပြာမှုန်တွေကနေ သဘာဝ ဘိလပ်မြေလို အရာတွေကိုလည်း ထုတ်လုပ်ရရှိနိုင်ပါတယ်။ မကြာခဏဆိုသလိုလည်း မီးတောင်အသေးလေးတွေ ပေါက်ကွဲတာ၊ မီးတောင်ကြီးတွေကနေ ချော်ရည်တွေ ထွက်နေတာ၊ ပေါက်ကွဲတာတွေကို သတင်းတွေမှာ မြင်ကြရမှာပါ။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်က မြေကြီးတွေဟာ ပူနွေးလာရင်၊ ချောင်းတွေ၊ ရေထွက်ပေါက်တွေနဲ့ ရေကန်ထဲက ရေတွေ နွေးလာခဲ့ပြီး ငလျင်လည်းမကြာခဏ လှုပ်နေတယ်။ မြေကြီးထဲကနေ ဆူညံသံတွေကိုကြားလာရပြီဆိုရင် မီးတောင်ပေါက်ကွဲနိုင်တဲ့ အငွေ့အသက်ဖြစ်တာမို့ မီးတောင်ရှိရာဒေသကလူတွေဟာ သတိထားကြရပါတယ်။ ကမ္ဘာမြေကြီးအကြောင်း လေ့လာတဲ့ ဘာသာရပ်ကျွမ်းကျင်သူတွေကတော့ အမြဲသတိထားပေးပြီး စောင့်ကြည့်ပေးနေတာပါ။ ကလေးတို့လည်း မမတို့နိုင်ငံက မီးတောင်သေတစ်ခုဖြစ်တဲ့ ပုပ္ပါးတောင်ကိုသွားပြီး မီးတောင်တွေအကြောင်း ပိုသိရအောင် ကွင်းဆင်းလေ့လာကြည့်ခွင့်ရပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်နော်။ ။

## လောကဝတ် (Etiquette)

# လောကဝတ်ရဲ့ အဓိပ္ပါယ်နဲ့ ကလေးတို့အတွက် အစပြုလေ့ကျင့်စရာ

မမမေ

**လူ့လောကကြီးထဲမှာ လိမ္မာတဲ့ကလေးတွေဖြစ်အောင် လောကဝတ်ဆိုတဲ့ ကဏ္ဍလေးကို အပတ်စဉ်တင်ဆက်လာခဲ့တာ အတော်လေးကြာခဲ့ပါပြီ။ ဒီတစ်ပတ်မှာတော့ ကလေးတို့ ဖတ်ရှုနေတဲ့ လောကဝတ်ဆိုတဲ့အဓိပ္ပါယ်နဲ့ ကလေးတို့အတွက် ဘယ်လောက်အထိ အရေးကြီးသလဲဆိုတာကို မမကပြောပြပေးချင်ပါတယ်။ လောကဝတ်ဆိုတာကတော့ ကလေးတို့ ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအားလုံးကို လေးစားမှုနဲ့ ကြင်နာမှု၊ ကိုယ်ချင်းစာမှုနဲ့ ချစ်ခင်ရင်းနှီးမှုတွေကို အမြဲပေးအပ်ဖို့အတွက် အလေ့အကျင့်ကောင်းတွေကို ခေါ်ပါတယ်။**

ကလေးတို့အတွက် လောကဝတ်ရဲ့ အခြေခံအချက် ၂၀ ကို ဒီတစ်ပတ်အတွက် မျှဝေပေးပါရစေ။ အချို့အချက်တွေဟာ မမအရင်အပတ်တွေက အသေးစိတ်ဖော်ပြခဲ့ပြီးတဲ့အတွက် ကလေးတို့သိပြီးသားတွေလည်း ပါနိုင်ပါတယ်။ ဒီအချက် ၂၀ ကိုတော့ နိုင်ငံတကာလောကဝတ်တွေအကြောင်းကို ရေးသားရာမှာ နိုင်ငံများစွာကလည်း အသိအမှတ်ပြုတဲ့ မိုင်ကာမီရာကနေ ပြုစုထားတာဖြစ်ပါတယ်။

ပထမဆုံးကတော့ လောကဝတ်ဆိုတာ ဘာ လဲ ဆိုတာ ကလေးတို့ အားလုံး မဖြစ်မနေသိရမှာပါတဲ့။ ဒါကတော့ ကလေးတို့ သိပြီးသားဖြစ်မှာပါ။ နံပါတ် ၂ အချက်က ကျေးဇူးတင်တတ်ပါစေတဲ့။ အရာရာတိုင်းအတွက် ကိုယ့်အပေါ် ကျေးဇူးပြုသူတွေကို ကျေးဇူးတင်တယ်ဆိုတာကို စိတ်ပါလက်ပါ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ပြသ ပေးဖို့ပါ။ နံပါတ် ၃ အချက်က စည်းကမ်းရှိရှိနဲ့ ပစ္စည်းတိုင်းကို အသုံးပြုပေးဖို့ပါ။ ဘယ်သူ့ ပစ္စည်း ကိုပဲ ဖြစ်ဖြစ် ရှိရှိသေသေ နဲ့ ကိုင်တွယ် တာလည်း



လောကဝတ်ပဲ ဖြစ်ပါတယ်။

နံပါတ် ၄ အချက်က အစားအသောက်နဲ့ပတ်သက်ပါတယ်။ လက်သုတ်ပဝါကို အသုံးပြုပြီး ပါးစပ်ကို သုတ်တတ်အောင်၊ အစားစားတဲ့အခါ စနစ်တကျ စားတတ်အောင် လေ့ကျင့်ကြဖို့လိုပါတယ်။ နံပါတ် ၅ အချက်ကတော့ အစားအသောက်စားရာမှာ ပလုတ်ပလောင်းစားသောက်တာမျိုး မလုပ်ဘဲသူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ် စားသောက်ဖို့ပါတဲ့။ နံပါတ် ၆ အချက်က အစားစားတဲ့အခါ စားပွဲကြီးကို လက်နဲ့ထောက်ပြီး မစားချင်စားချင်ပုံစံနဲ့ စားသောက်တာ၊ ပေပွပြီး သေသေချာချာ ထိုင်မစားတတ်သေးတာတွေကလည်း သတိပြုဆင်ခြင်သင့်တဲ့အချက် ဖြစ်ပါတယ်။

နံပါတ် ၇ အချက်က သူများတွေစကားပြောနေစဉ်မှာ စကားလုပြောတာမျိုးနဲ့ နံပါတ် ၈ အချက်ကတော့ သူများရဲ့ အသွင်အပြင်တွေကို ကဲ့ရဲ့တာမျိုးမလုပ်မိဖို့ပါ။ ဥပမာပြောရရင် သူငယ်ချင်းဝတ်လာတဲ့အင်္ကျီက ရယ်စရာဖြစ်နေတဲ့အတွက် လှောင်ပြောင်တာမျိုး၊ ဝတုတ်နေတဲ့ သူငယ်ချင်းကို ဝက်ကလေးလို့ စနောက်တာမျိုးကို လုံးဝ မလုပ်သင့်ပါဘူးနော်။ နံပါတ် ၉ အချက်က စားကောင်းတာဖြစ်ဖြစ်၊ အဆင်ပြေသွားတာဖြစ်ဖြစ် လုပ်ပေးတဲ့ သူတိုင်းကို အသိအမှတ်ပြုပေးတာပါ။ နံပါတ် ၁၀ အချက်ကတော့ ကျေးဇူးတင်တယ်ဆိုတာကို ထပ်ခါတလဲလဲသတိရနေအောင် ပြောပြတာဖြစ်ဖြစ်၊ အသိအမှတ်ပြုတာဖြစ်ဖြစ် လုပ်ပေးဖို့ပါ။

နံပါတ် ၁၁ အချက်က ကလေးတို့ရဲ့ အကူအညီကို လိုနေတဲ့ ဘယ်သူ့ကိုမဆို အကူအညီပေးရမှာ ဖြစ်ပါတယ်။ နံပါတ် ၁၂ အချက်က ကလေးတို့ဟာ ဘယ်သူဖြစ်တယ်ဆိုတာကို တိတိကျကျ မိတ်ဆက်တတ်ရမှာဖြစ်ပြီး ကိုယ့်ရဲ့ လုပ်တတ်တဲ့အရာတွေ၊ အစွမ်းအစတွေကိုလည်း ရိုးရိုးသားသား ပြသတတ်ရမှာဖြစ်ပါတယ်။ နံပါတ် ၁၃ က ကလေးတို့ ပြောပြတာကို လူကြီးမိဘတွေနဲ့ ဆရာသမားတွေ သူငယ်ချင်းတွေက နားလည်အောင် ရှင်းရှင်းလင်းလင်း စကားပြောတတ်ဖို့ လိုပါတယ်။ ချက်ချာသွက်လက်တဲ့ ကလေးကို လူကြီးတွေက အားကိုးတတ်သလို ပိုပြီးလည်း ချစ်ခင်နှစ်သက်ပါတယ်။

နံပါတ် ၁၄ မြောက် အချက်က ကိုယ့်ထက်ကြီးတဲ့ သူတွေကို ခိုင်းတာမျိုး ဘယ်တော့မှမလုပ်မိပါစေနဲ့။ မဖြစ်မနေ အကူအညီတောင်းရတဲ့အခါမှာလည်း အစ်မအရွယ်ကို အစ်မ၊ အစ်ကိုအရွယ်ကို အစ်ကို၊ အဒေါ်အရွယ်ကို အဒေါ် စသည်ဖြင့် ယဉ်ယဉ်ကျေးကျေး ခေါ်ဝေါ်သင့်ပါတယ်။ လူကြီးတွေရဲ့ အမည်ကို ရှေ့ကနေ ဦးဦး၊ ဒေါ်ဒေါ် စသည်ဖြင့် ထည့်ပြီးခေါ်ရမှာ ဖြစ်ပါတယ်။ နံပါတ် ၁၅ ကတော့ တံခါးတိုင်းကို ဖွင့်တော့မယ်ဆိုတိုင်း အရင်ဆုံး တံခါးခေါက်ပြီးမှ ဖွင့်ဖို့ဖြစ်ပြီး နံပါတ် ၁၆ အချက်ကတော့ ဖုန်းပြောတဲ့အခါ ယဉ်ယဉ်ကျေးကျေးနဲ့ ပြောဆိုသုံးနှုန်းရမှာ ဖြစ်ပါတယ်။

နံပါတ် ၁၇ အချက်က ဘယ်သူနဲ့စကားပြောပြော ကလေးတို့ဟာ ပြောတဲ့သူကို စိတ်ပါလက်ပါ ကြည့်ရှုစကားပြောဆိုသင့်ပါတယ်တဲ့။ မျက်လုံးက လျှောက်ကြည့်ပြီး တစ်ဖက်လူပြောတာကို စိတ်မဝင်စားတာကလည်း မယဉ်ကျေးတဲ့သဘောပေါ့ ကလေးတို့ရေ။ နံပါတ် ၁၈ အချက်က မျက်လုံးကစားတာမျိုး မလုပ်သင့်ပါဘူးတဲ့။ တစ်နေရာကို ရောက်တဲ့အခါ အသစ်အဆန်းမို့ ကလေးတို့က စိတ်ဝင်စားပြီး လျှောက်ကြည့်ပေမယ့် မကြိုက်ကြတဲ့ သူတွေ ရှိတာမို့ အိမ်အလည်သွားရင်ဖြစ်ဖြစ်၊ ကိုယ်မရောက်ဖူး၊ မသိသေးတဲ့နေရာတွေမှာ အသာအယာ ကြည့်ပြီးမှ စူးစမ်းကြပါလို့ သူက အကြံပြုထားပါတယ်။ နံပါတ် ၁၉ ကတော့ နှာချေတာနဲ့ ချောင်းဆိုးတဲ့အခါတွေမှာ လက်ကိုင်ပဝါ ဒါမှမဟုတ် တစ်သျှူးနဲ့ ဖုံးအုပ်ဖို့ လိုပါတယ်။ နံပါတ် ၂၀ နောက်ဆုံးအချက်ကတော့ ကလေးတို့ တစ်ယောက်တည်း ရှိနေတဲ့အခါ သူငယ်ချင်းတွေနဲ့ကစားဖို့ စိတ်ကူးတယ်ဆိုရင် ဝင်ကစားဖို့ ခွင့်တောင်းရမှာဖြစ်သလို ကလေးတို့ သူငယ်ချင်းတွေနဲ့ ကစားတဲ့အခါမှာလည်း ကျန်နေတဲ့သူငယ်ချင်းတွေ၊ အတူဝင်ကစားချင်တဲ့ သူငယ်ချင်းတွေကို စာနာသနားပြီး ဖိတ်ခေါ်ပေးဖို့ လိုပါတယ်။ ကစားပြီးသွားတဲ့အခါမှာလည်း ကစားစရာတွေကို စနစ်တကျသိမ်းဆည်းဖို့အတွက် အားလုံးမှာ တာဝန်ရှိတယ်ဆိုတာကိုလည်း သူက သတိပေးထားပါတယ်။ ။


HTOO
ဟေ့ ချာတိတ်တွေ.. လမ်းပေါ်မှာ ဘောလုံးမကစားရဘူးလေကွာ..
လမ်းဆိုတာ လမ်းသွားလမ်းလာတွေ၊ ယာဉ်တွေ အတွက်လုပ်ပေးထားတာ.. ဘောလုံးကွင်းမှမဟုတ်တာ..
လွတ်လပ်ပြီဆိုပြီး လမ်းမပေါ်ဆေးရိုးတက်လှန်းတဲ့ကိစ္စ.. မဖြစ်သင့်ဘူးလို့ ဗိုလ်ချုပ်ကိုယ်တိုင်ပြောကြားခဲ့တာ မေ့သွားကြပြီလား...
ကျွန်တော်တို့ဆေးရိုးမလှန်းပါဘူး.. အားကစားမြှင့်တင်ခြင်းလုပ်နေကြတာလေ...
အားကစားမြှင့်တင်ခြင်းသည်... နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်...တဲ့ ဦးလေးရဲ့..
ဟုတ်ပါတယ် ဦးလေး...
အားကစားကိုမြှင့်တင်ချင်ရင် အားကစားကွင်းမှာ နည်းစနစ်မှန်ကန်စွာနဲ့ လေ့ကျင့်ပြီးလုပ်ကြမှပေါ့ကွာ...
လူသွားလူလာ၊ ယာဉ်အသွားအလာရှိနေတဲ့လမ်းပေါ်မှာ တစ်ခုခုဖြစ်သွားရင်မင်းတို့ကိုယ်မင်းတို့ကာကွယ်နိုင်မှာတောင်မဟုတ်ဘူး..ချက်ချင်းကစားနေတာရပ်လိုက်
အဲဗျ..


ကာတွန်း
ကျော်ဦး
သားပုရာ အတင်းလုပ်နေတဲ့ ဦးသုတ ကျိန်စာထဲမှာ နွယ်ဂျင်တွေ ငါတွေ့ခဲ့တယ်ကွ..
ဘာလဲကွာ ဘာဒါကြီးနှုန်းကို ကပ်ပြီးပြောတာကွ..
မင်းတကယ်တွေ့ခဲ့လို့လား
ဒါပေါ့ကွ..
ဒါဆို ငါသွားစုံစမ်းရမယ် ဒါ.. သဘာဝလွန် ကိစ္စပဲ
ဟေ့ ဒါဘာတွေ ဖိတ်ခွင်နေတာလဲ နွယ်ဂျင်တွေ..
ဘာတွေလာပြောနေတာလဲ ဘာနွယ်ဂျင်မှ မရှိဘူး
အင်...
ဂျိုနီဂါနေ ဆေးဖော်မာလို့ စိမ်းသပ်နေတာကွ ပေါက်ကြောက်ဖို့ကလေး နားမှိုသာပြင်...


ဖိုး
သာ
ဝဇူး
2020
ပြက္ခဒိန်တွေ ရမယ်..
အချိန်တွေ ကုန်တာ..မြန်လိုက်တာ နော်..
တစ်နှစ်ကို.. ဘာမှမကြာလိုက် သလိုပဲ..
ဒီလိုပဲ ခေတ်လိုက်..ကစားလိုက်နဲ့ အချိန်တွေကုန်သွားတာ
တွေးကြည့်ရင် တရားကျဖို့တောင်ကောင်းသေး
တရားကျဖို့ကောင်းတာ အရေးမကြီးဘူး..
စာတွေရော..ရပြီလား စာမေးပွဲက.. နီးနေပြီနော်..
အဲ့ကျမှ စာမလုပ်ထားလို့က တော့..
ကျ..







သက်စု
ရောင်နီ
ဘာမေး မလို့ လဲ။။
ကွက်လပ်ဖြည့်ခိုင်း မလို့၊ လသာတုန်း...ဘာတဲ့လဲ
အိုးပါ။။
လုပ်လာပြီ၊
လုပ်တယ်လေ၊ လျှပ်စစ်မီး မရှိခင်က အလုပ်ကို အချိန်နဲ့ အမျှ အကျိုးရှိရှိ သုံးရတာ။။
အေးလေ၊ အဲဒါကြောင့် ညဘက် လရောင်ကို အသုံးချပြီး ဗိုင်းငင်ကြတယ်လေ။။။
ဟဲ့၊ အဲဒီခေတ်က ရွာပြင်ထွက်ပြီး ကျင်ကြီး ကျင်ငယ် စွန့်ရတာ။။
ညဘက်ကြီး မြွေပါးကင်းပါး ကြောက်စရာ၊ လရောင်လင်းမှ ကြည့်ရှောင်လို့ ရမှာပေါ့ကွဲ။။

# နိုင်ငံတကာဈေးကွက်ရရှိရန် ကျောက်မျက်ပြပွဲတွင် နိုင်ငံခြားသား ဝယ်ယူသူများအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးမည်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည့် တတိယအကြိမ် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြပွဲ-၂၀၂၀ တွင် နိုင်ငံတကာ ဈေးကွက်ရရှိရန်အတွက် ပြပွဲကာလအတွင်း နိုင်ငံခြားသား ဝယ်ယူသူများအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပေးသွားမည်ဖြစ်ကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)တာဝန်ရှိသူထံမှ သိရသည်။

အသင်း၏ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ညွန့်ညွန့်ခိုင်က "ကျွန်မတို့က ကျောက်မျက်ရတနာ အရောင်းအဝယ်လုပ်တဲ့အခါမှာ ရတနာလုပ်ငန်းလုပ်ကိုင်သူတွေဟာ ရတနာခွန်ကို ၅ ရာခိုင်နှုန်း၊ ပြီးရင် လာရောက်ဝယ်ယူသူတွေဆီက သွယ်ဝိုက်သောနည်းနဲ့ တောင်းခံပေးရတဲ့ ကုန်သွယ်လုပ်ငန်းခွန်က ၅ ရာခိုင်နှုန်း - စုစုပေါင်း ၁၀ ရာခိုင်နှုန်း ရှိပါတယ်၊ အခုပွဲမှာတော့ နိုင်ငံတကာဈေးကွက်ကို ရဖို့ ရည်ညွှန်းတာ ဖြစ်တဲ့အတွက် နိုင်ငံတော်က နိုင်ငံခြားသား ကုန်သည်တွေကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပေးလိုက်ပါတယ်၊ အဲဒီတော့ ကျွန်မတို့က သွယ်ဝိုက်သော နည်းနဲ့ သူတို့ဆီက တောင်းပေးဖို့ မလိုတော့ဘူး၊ ကျွန်မတို့ ရောင်းရတဲ့အပေါ်မှာပဲ ရတနာခွန်ကို ဆောင်ရုံပဲဆိုတော့ နိုင်ငံခြားသားတွေကို အကောက်အခွန်လွတ် ဖြစ်ပါတယ်လို့ ကျွန်မတို့က ကြေညာလို့ရသွားတယ်၊ ဒါကလည်း မက်လုံးပေးတာမျိုးတစ်ခု ဖြစ်သွားတဲ့အတွက် နိုင်ငံခြားသားတွေကလည်း အလွန် သဘောကျကြပါတယ်၊ ဒီပွဲလေးရက်မှာပဲ ရတဲ့ အခွင့်အရေးပါ"ဟု ပြောသည်။

ထိုသို့ ပြပွဲကာလအတွင်း နိုင်ငံခြားသား ဝယ်ယူသူများအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပေးထားခြင်းကြောင့် နိုင်ငံခြားသား ဝယ်ယူသူများ ပိုမိုဝင်ရောက်လာနိုင်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံပေါင်း ၄၁ နိုင်ငံရှိ မြန်မာသံရုံးများအားလုံးသို့ ပြပွဲဖိတ်စာများပေးပို့၍ ကူညီဖိတ်ကြားပေးထားကြောင်း သိရသည်။

"မြန်မာသံအမတ်တွေ၊ မြန်မာ စီးပွားရေးကောင်စစ်ဝန်တွေက သူတို့ရဲ့ နိုင်ငံအသီးသီးမှာရှိတဲ့ ကျောက်မျက်ကုန်သည်တွေကို ဖိတ်ပေးပါတယ်၊ ဒီကုန်သည်တွေဟာ ဒီဖိတ်စာကတ်ပြားနဲ့ မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်လာရင် ငွေအရေအတွက်ကို သတ်မှတ်ခြင်းမရှိဘဲ Declare (တရားဝင်ကြေညာ)လုပ်ပြီး ဝင်လာလို့ရပါတယ်၊ ပုံမှန်ဆိုရင်တော့ အမေရိကန်ဒေါ်လာ တစ်သောင်းပဲ ကိုင်ဆောင်ခွင့်ရှိတာပါ၊ နောက် ဒီပွဲကို ဒီလိုမျိုး လွယ်ကူအောင် လုပ်ပေးလိုက်တဲ့အတွက် သူတို့ ဗီဇာထုရတာတွေလည်း လွယ်ကူသွားတယ်၊ မနှစ်ကတော့ ၂၇ နိုင်ငံက နိုင်ငံခြားသား ၇၀၀ ကျော် လာကြပါတယ်၊ ဒီနှစ်တော့ အဲဒါထက် ပိုများမယ်လို့ မျှော်လင့်ပါ တယ်"ဟု ဒေါ်ညွန့်ညွန့်ခိုင်က ဆက်ပြောသည်။

ပြပွဲကာလအတွင်း နိုင်ငံခြားသားဝယ်ယူသူများအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပေးထားသော်လည်း ပြည်တွင်းမှ နိုင်ငံသား ဝယ်ယူသူများကိုမူ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် မပေးထားကြောင်း အသင်းမှ သိရသည်။ ထို့အပြင် ပြပွဲအတွင်း ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ ဝယ်ယူသူများအတွက် ကျောက်မျက်ရတနာများ စစ်မှန်မှုရှိမရှိ စစ်ဆေးနိုင်ရန် အရည်အသွေး စစ်ဆေးခြင်းနှင့် ဓာတ်ခွဲခန်းများကိုလည်း ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်း(ရန်ကုန်)က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၂၈ ခန်း ပါဝင်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံက သင်တန်းသား သင်တန်းသူများ ခေါ်ယူလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအောက်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ယခုနှစ် ပုံမှန်သင်တန်းများနှင့် အခြားသင်တန်းများအတွက် သင်တန်းသား သင်တန်းသူများအား ဇန်နဝါရီလမှ စတင်ခေါ်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်းတွင် သင်ကြားပေးသော ပုံမှန်သင်တန်းများမှာ ချည်မျှင်နှင့် အထည်အလိပ် ဒီပလိုမာသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ သင်တန်း၊ ရိုးရာ လွန်းရာကျော်အချိတ်သင်တန်း၊ လက်ရက်ကန်း သင်တန်းနှင့် ရွှေချည်ငွေချည်ထိုးသင်တန်းများ ဖြစ်သည်။ အခြား အသက်မွေးဝမ်းကျောင်း သင်တန်းများမှာ စက်ရက်ကန်း စက်မောင်း/စက်ပြင် သင်တန်း၊ သဘာဝ ဆေးဆိုးနည်းပညာသင်တန်း၊ အထည် ပန်းပုံရိုက် ဆေးရေးပန်းချီ သင်တန်း၊ ရိုးရာဂျပ်ခုတ်နည်းသင်တန်း၊ အခြေခံ စက်ချုပ်နည်းပညာသင်တန်း၊ လက်ရက်ကန်း အထည်ဒီဇိုင်း သင်တန်း၊ အခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် အခြေခံ လျှပ်စစ်သံဂဟေဆက်သင်တန်းများဖြစ်သည်။

ပုံမှန်သင်တန်းအတွက် ၁၀ တန်းအောင်၊ ၈ တန်းအောင်နှင့် ၄ တန်းအောင်များအား အသက် ၁၆ နှစ်မှ ၂၈ နှစ်အတွင်း အိမ်ထောင်မရှိသူ အပျို/လူပျိုများအား ခေါ်ယူသွားမည်ဖြစ်ပြီး တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအနေဖြင့် ပညာသင်ထောက်ပံ့ကြေး တစ်လလျှင် ကျပ်သုံးသောင်း ရရှိမည်ဖြစ်ကြောင်း၊ အခြား အသက်မွေးဝမ်းကျောင်း သင်တန်းများအတွက် အသက်ကန့်သတ်ချက်နှင့် ပညာအရည်အချင်းကန့်သတ်ချက် မရှိကြောင်း၊ သင်တန်းတိုင်းအတွက် ရေမီးအစုံပါသောအဆောင် အခမဲ့ နေထိုင်ခွင့်နှင့် သင်တန်းသုံးပစ္စည်းများကို အခမဲ့ သုံးစွဲခွင့်များလည်း ရရှိမည်ဖြစ်ကြောင်း ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေး ပညာသိပ္ပံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က ပြောကြားသည်။

သင်တန်းကာလအနေဖြင့် ပုံမှန်သင်တန်းများအတွက် တစ်နှစ်သင်တန်း၊ ခြောက်လသင်တန်းနှင့် သုံးလသင်တန်းများရှိပြီး သင်တန်း အမျိုးအမည်အလိုက် ကြာမြင့်မည်ဖြစ်ကြောင်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူသင်တန်း တစ်ခုကိုသာ ဇူလိုင်လတွင် စတင်သင်ကြားမည်ဖြစ်ပြီး ကျန်သင်တန်းများကို



သင်တန်းကျောင်း၌ စက်ရက်ကန်းရက်နေသော သင်တန်းသူတစ်ဦး

ယခုလအတွင်း စတင်သင်ကြားသွားမည်ဖြစ်ကြောင်း၊ ပုံမှန်သင်တန်းများတွင် သင်တန်းတက်ပြီးပါက နိုင်ငံပိုင်/ပုဂ္ဂလိကပိုင် ချည်မျှင်နှင့် အထည်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ရုံးခွဲများ၊ ရက်ကန်းကျောင်းများတွင်လည်း ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း၊ ကိုယ်ပိုင်ထုတ်လုပ်မှု လုပ်ငန်းများလည်း လုပ်ကိုင်နိုင်ကြောင်း သိရသည်။ အခြား အသက်မွေးဝမ်းကျောင်း သင်တန်းများအတွက်မူ အမျိုးအစားအလိုက် ခုနစ်ရက်မှ ရက် ၆၀ အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကို ခေတ်မီ ချည်မျှင်နှင့် အထည်အလိပ် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊ ရိုးရာရက်ကန်း အတတ်ပညာများကို ထိန်းသိမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်းလိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်တန်းများ ပို့ချပေးရန်နှင့် ရက်ကန်းလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် အစရှိသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပြိုင်ပွဲများ မြို့နယ်အသီးသီး၌ကျင်းပ

### မင်းကင်းမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဗိုလ်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်သူသူလွင်က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းသည်။ ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မိခင်နှင့် ကလေး ၅၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ၆ လအောက်၊ ၆ လမှ ၁ နှစ်ခွဲ၊ ၁ နှစ်ခွဲမှ ၂ နှစ် ကလေးပြိုင်ပွဲ ဆုများနှင့် စံပြမိခင်ဆု သုံးဆုကို တာဝန်ရှိသူများက ဆုရသူများအား ပေးအပ်ချီးမြှင့်ခဲ့သည်။ **မြတ်မွန်ထွေး**

### လဲချားမြို့နယ်

လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို လွိုင်လင်ခရိုင် လဲချားမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ တက်ရောက်သူများက နိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဇေယျက ဖတ်ကြားခဲ့သည်။ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### နေပြည်တော်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပသည့် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက ဖတ်ကြားပြီး အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။ အခမ်းအနားအပြီးတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထုတ်ဝေထားသည့် သတင်းစကား လက်ကမ်းစာစောင်များကို ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမ်းအနား တက်ရောက်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

### ဖလမ်းမြို့နယ်

ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြားအွယ်က ဖတ်ကြားသည်။ ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထက်၊ လယ်၊ မူ အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### တပ်ကုန်းမြို့နယ်

နေပြည်တော် တပ်ကုန်းမြို့နယ်၌ လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် လွတ်လပ်ရေးသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက ဖတ်ကြားခဲ့သည်။ ထို့နောက် တပ်ကုန်းမြို့နယ်၏ စာပေကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကဏ္ဍ စသည်တို့တွင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့သူများ၊ ၂၀၁၆ ခုနှစ် ပခုက္ကူဦးအုန်းဖေ စာပေဆု ပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်-ဒုတိယဆု၊ ၂၀၁၇ ခုနှစ် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ပြဇာတ်စာပေ - တတိယဆု၊ ၂၀၁၈ ခုနှစ် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ပြဇာတ်စာပေ - တတိယဆုများကို ရရှိသည့် စာရေးဆရာ တင်မျိုးဝင်း(မောင်လွယ်အိတ်)နှင့် မေတ္တာရှင် သွေးလှူရှင်အသင်း၊ မေတ္တာရိပ် အခမဲ့ နာရေးကူညီမှုအသင်း၊ သဒ္ဓါဓိက ကရုဏာရှင် လူမှုကူညီရေးအသင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အင်အားစုနှင့် ဗုဒ္ဓဟူးအမှိုက်ကောက်အဖွဲ့တို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **တင်စိုးလွင်**

# တက္ကသိုလ် ခြေလျင်တောင်တက်အသင်းဝင်များ ခြေကျင်တောင်တက်ခရီးကြမ်း ကိုးရက်ကြာ သွားရောက်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၄**

တက္ကသိုလ် ခြေကျင်တောင်တက်အသင်း (သဘာဝခေါ်သံ ဖောင်ဒေးရှင်း)၏ ဆောင်းရာသီ ခရီးစဉ်အဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း (ကလော-အင်းတိန်-အင်းလေး-ကက္ကူ)ဖြတ်ကျော်ခရီးစဉ် ခြေကျင်တောင်တက်ခရီးကြမ်းကို ကိုးရက်ကြာ သွားရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် အပါအဝင် တက္ကသိုလ်ပေါင်း ၂၄ ခုမှ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားများ ပါဝင်ကြသော တက္ကသိုလ် ခြေလျင်တောင်တက် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၅ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာခဲ့ပြီး ကလော-ပလောင်ရွာ-ထီသိန်ရွာ-အင်းတိန်-အင်းလေး-နန်းပန်ရွာနှင့် အင်းလေးကန်အနီးတဝိုက် လေ့လာခြင်းနှင့်အတူ အင်းလေးကန်အရှေ့ဘက် မိုင်းသောက်မှ ရန်အောင်တောင်(အမြင့် ၆၇၅၂ ပေ)ကိုလည်းကောင်း၊ မွေတော် ကက္ကူ-တောင်ကြီး-ပင်လောင်း-ပင်ခွန်-လုံနဂါးပတ်ကျေးရွာ ခရီးစဉ်နှင့်အတူ ပင်းမောက်တောင်(အမြင့် ၅၂၈၅ ပေ)ကိုလည်းကောင်း တက်ရောက်ပြီး ဇန်နဝါရီ ၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခြေကျင်တောင်တက် ခရီးကြမ်း ခရီးစဉ်တွင် အဖွဲ့ခေါင်းဆောင် အုပ်ချုပ်သူအဖြစ် တက္ကသိုလ် ခြေကျင်တောင်တက်အသင်း (သဘာဝခေါ်သံ ဖောင်ဒေးရှင်း)၏ အမှုဆောင်တစ်ဦးဖြစ်သူ ဒေါက်တာစိုးမင်းအောင်၊ ဒုတိယ အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်စပယ်တို့ ဦးဆောင်သော အုပ်ချုပ်သူ ခြောက်ဦးနှင့် အဖွဲ့ဝင် ၈၃ ဦး စုစုပေါင်း ၈၉ ဦး ပါဝင်ခဲ့သည်။ ခြေကျင်တောင်တက် အားကစားနည်းကို စိတ်ပါဝင်စားသူများအနေဖြင့် လူသူအရောက်အပေါက်နည်းသော တိုင်းရင်းသားဒေသများသို့ ရောက်ရှိစေရန်၊ အားကစားသမားများ၏ ကြံ့ခိုင်မှုကို စမ်းသပ်ရန်နှင့် တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများကို လေ့လာနိုင်ရန် ရည်ရွယ်ချက်များဖြင့် ခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဖွဲ့ခေါင်းဆောင် ဒေါက်တာစိုးမင်းအောင်က "ကျွန်တော်တို့ အခုသွားခဲ့တဲ့ ဒေသအစိတ်အပိုင်း အတော်များများဟာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ပအိုဝ်းတိုင်းရင်းသားကျေးရွာတွေ ဖြစ်ပါတယ်။ အဲဒီရွာတွေရဲ့ တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံတွေကိုလည်း အဖွဲ့ဝင်တွေ လေ့လာခွင့် ရရှိခဲ့ပါတယ်။ အဲဒါအပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်တွေ၊ လိုအပ်ချက်တွေကိုလည်း အဖွဲ့ဝင်တွေအနေနဲ့ သိရှိခွင့်ရခဲ့ပါတယ်။ အဖွဲ့ဝင်တွေအနေနဲ့ ကြံ့ခိုင်မှုကိုလည်း ကိုယ်တိုင်စမ်းသပ်ခွင့်၊ ကြိုးစားခွင့် ရရှိခဲ့ကြပါတယ်"ဟု ပြောကြားသည်။

တက္ကသိုလ် ခြေကျင်တောင်တက်အသင်း သွားရောက်ခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း(ကလော-အင်းတိန်-အင်းလေး-ကက္ကူ)ခရီးစဉ်မှာ စုစုပေါင်း ခရီးမိုင် ၆၈ ဒသမ ၆ မိုင်ရှိကြောင်း၊ ခရီးစဉ်တစ်လျှောက်လုံးတွင် အုပ်ချုပ်သူ၊ တပ်စိတ်တာဝန်ခံ၊ တပ်စိတ်မှူး၊ တွဲဖက်တပ်စိတ်မှူး၊ အဖွဲ့ဝင် စသည်ဖြင့် စနစ်တကျစုဖွဲ့၍ ခြေကျင်တောင်တက် ခရီးကြမ်းကို သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ခြေကျင်တောင်တက်အသင်း (သဘာဝခေါ်သံဖောင်ဒေးရှင်း) သည် နွေ၊ မိုး၊ ဆောင်းရာသီများ၌ ရာသီတစ်ခုလျှင် ခရီးစဉ်နှစ်ခုခန့် ပုံမှန် စီစဉ်ပြီး သွားရောက်လေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ခြေကျင်တောင်တက် အဖွဲ့ချုပ်ကို ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်က ဗိုလ်မှူးကြီး စည်သူလှအောင်နှင့် ကာယဗလဦးရှိန်တို့က ဦးဆောင်၍ တည်ထောင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက်(ယနေ့)တွင် အဖွဲ့ချုပ်သက်တမ်း နှစ် ၆၀ ပြည့်မြောက်ပြီဖြစ်သလို မြန်မာနိုင်ငံတွင် ခြေကျင်တောင်တက်အားကစား စတင်ပေါ်ထွန်းခဲ့သည်မှာ နှစ် ၆၀ ပြည့်ပြီဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပေါက်မြို့နယ်၌ ပလတ်စတစ်အမှိုက်များ ကင်းစင်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲပြုလုပ်

**ပေါက် ဇန်နဝါရီ ၄**

ပြည်သူများ သန့်ရှင်းရေးဆိုင်ရာ အသိပညာများရရှိကာ သန့်ရှင်းပြီး အမှိုက်ကင်းစင်သော ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပေါက်မြို့နယ် ငမို့လေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများ၊ ကျေးရွာနေပြည်သူများနှင့် ပညာ့ဥယျာဉ်ပရဟိတ လူမှုကူညီရေးအသင်းမှ လူငယ်များ ဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ ကင်းစင်ရေးအတွက် စနစ်တကျစွန့်ပစ်ကြရန် ပညာပေးဟောပြောပွဲနှင့် လက်တွေ့လှုပ်ရှားဆောင်ရွက်မှု သရုပ်ပြပွဲကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့သည်။



ကျေးရွာနေပြည်သူများ စုပေါင်း၍ အမှိုက်ကောက်နေစဉ်။

ဟောပြောပွဲတွင် ကျေးရွာတာဝန်ခံ ဦးအောင်ကိုနိုင်က အမှာစကားပြောကြားပြီး ဖလံကိုင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်အောင်သန်းက ဟောပြောပွဲနှင့် လက်တွေ့လှုပ်ရှားမှုပြုလုပ်သည့် ရည်ရွယ်ချက်များ၊ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် ပလတ်စတစ်အမှိုက်၏ ဆိုးကျိုးများကိုလည်းကောင်း၊ ငမို့လေးကျေးရွာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဟန်ငွေက အများအကျိုး၊ သူတစ်ပါးအကျိုး ပူးပေါင်းဆောင် ရွက်တတ်စေရန်နှင့် ပညာရေးကဏ္ဍနှင့် ပတ်သက်သည်များကိုလည်းကောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ငမို့လေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပေါက်မြို့နယ် ပညာ့ဥယျာဉ် ပရဟိတ လူမှုကူညီရေးအသင်းမှ အသင်းဝင်များနှင့် ကျေးလက်နေပြည်သူများ စုပေါင်း၍ အဖွဲ့ငါးဖွဲ့ ဖွဲ့ကာ အဆိုပါကျေးရွာအတွင်း လမ်းတိုင်းရှိ ပလတ်စတစ်အမှိုက်များနှင့် ပေါင်းမြက်များကို ကောက်ယူ၍ ကျောင်းဝင်းအတွင်းရှိ အမှိုက်ကျင်းထဲသို့ စွန့်ပစ်မီးရှို့ခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# ပုတီးကုန်းကျေးရွာ၌ လယ်မြေဧက ၅၀၀ ကျော်အား အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**မြို့သစ် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာနှင့် လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းများကို ဖောက်လုပ်ပေးလျက်ရှိရာ ပုတီးကုန်းကျေးရွာ၌လည်း ယခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လယ်ယာထွက်ကုန် ဧက ၅၀၀ ကျော်ကို အကျိုးပြုမည့် ကုန်ထုတ်လမ်းတစ်လမ်းကို ဒီဇင်ဘာ တတိယပတ်အတွင်းက စတင်ဖောက်လုပ်ပေးနေကြောင်း သိရသည်။

ပုတီးကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး မြေသားထု တစ်ပေခင်းခြင်းနှင့် မြေနီကျောက်စရစ် တစ်ပေ ကိုးလက်မ ခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၆ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထွန်းအိမ်လင်း ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ လယ်ယာမြေ ဧက ၅၀၀ ကျော်မှ ထုတ်ကုန်များကို မြို့ပြဈေးကွက်သို့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရန် အကျိုးပြုမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းဝင်းက ပြောသည်။

**သန်းလွင်(မကွေး)**



(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။

◆ *ကျော့ဖုံးမှ*

ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဆရာ ဆရာမများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုတို့ စုပေါင်း၍ ပျော်ပွဲရွှင်ပွဲများအဖြစ် အာလူးကောက်ပြိုင်ပွဲ၊ အာလူးဇွန်းကိုက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ခြေပူးပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ဝက်မျက်လုံးတပ်ပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခါးလှည့်ကြိမ်ကွင်းပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲများကို အစုအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် အားကစားနည်းအလိုက်ဆုရရှိသူများကို ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတို့က ဆုများချီးမြှင့်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်အသီးသီးတွင်လည်း အားကစားနည်းများအလိုက် ပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး ကျောင်းသားကျောင်းသူများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲအလိုက် ဆုရရှိသူများကို ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာမကြီးများ၊ သက်ဆိုင်ရာ ဆရာဆရာမများနှင့် ရပ်ကွက်အလိုက်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးဌာနများအနေဖြင့်လည်း ဌာနတွင်း ပျော်ပွဲရွှင်ပွဲများအဖြစ် အားကစားပြိုင်ပွဲများကို ကျင်းပကြပြီး (၇၂)နှစ်ပြည့် လွတ်လပ်ရေးနေ့ကို ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❊ *ကျော့ဖုံးမှ*

ပြိုင်ပွဲတွင် တောင်ငူဒေသခံဝါသနာရှင် လက်ဝှေ့အားကစားသမားများက ကြားပွဲအဖြစ် ယှဉ်ပြိုင်ကစားကာ ငါးချီစိန်ခေါ်ပွဲတွင် ပထမတွဲဆိုင်းအဖြစ် နေရှုဘီ(တောင်ငူ) နှင့် ချက်ရာဖက် (ထိုင်း)တို့ ယှဉ်ပြိုင်ကြရာ နေရှုဘီ (တောင်ငူ) က ၂ မိနစ် ၃ စက္ကန့်တွင် ချက်ရာဖက် (ထိုင်း) ကို အနိုင်ထိုးသတ်နိုင်ခဲ့သည်။ ငါးချီဒုတိယတွဲဆိုင်းအဖြစ် ထွန်းနိုင်ဦး (တောင်ငူ )နှင့် ဆပ်ချီဝါ (ထိုင်း) တို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးရာ ငါးချီပွဲပြီးသည်အထိ အနိုင်မပေါ် သရေပွဲဖြစ်ခဲ့သည်။

ထို့နောက် အမျိုးသမီးချန်ပီယံလုပွဲတွင် ဘရောနီကာ (ကယန်း) နှင့် စောနစ်တရာ (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးရာ ဘရောနီကာ (ကယန်း)က ၂ မိနစ် ၅၉ စက္ကန့်တွင် စောနစ်တရာ (ထိုင်း)ကို အလဲထိုးအနိုင်ရခဲ့သည်။ အဆိုပါလက်ဝှေ့ပွဲသို့ လက်ဝှေ့ဝါသနာရှင်များ၊ ဒေသခံများ တက်ရောက်အားပေးကြကာ ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ **သူရ (တောင်ငူ)**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# အမြို့မြို့အနယ်နယ်၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

## ခင်ဦး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့၌ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက လွတ်လပ်ရေး ကျောက်တိုင်တွင် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်က ဖတ်ကြားသည်။ ဆက်လက်ပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲ၊ စစ်တုရင် ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **စိုးဝေအောင်(ခင်ဦး)**

## ဆင်ဖြူကျွန်း

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့ အမှတ်(၃)ရပ်ကွက်၊ ပိုးအနောက်ရပ်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ဝင်များနှင့်တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသောအာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာအား ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးထွန်းက ဖတ်ကြားခဲ့သည်။ **စိုးမိုးသူ( စလင်း)**

## သိန်းနီ

ရှမ်းပြည်နယ် သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ကျင်းပသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ဖတ်ကြားသည်။ ဆက်လက်၍ မြို့နယ်အားကစားကွင်းအတွင်း၌ ကိုယ်ကာယအက လေ့ကျင့်ခန်း စုပေါင်းပြုလုပ်ခြင်းနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဖိုးချို က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖိုးချို(ပြန်/ဆက်)**



## ဆီဆိုင်

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ မြို့နယ်ခန်းမဆောင်ရှေ့ လွတ်လပ်ရေးကျောက်တိုင်၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ဖတ်ကြားပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထက်၊ လယ်၊ မူ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား/ကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်တို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ခန်းမဆောင်ရှေ့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရိုးရာအားကစားပြိုင်ပွဲများဖြစ်သည့် ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ သံပုံးရိုက် ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများကိုကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ဆွမ်ပရာဘွမ်

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်တွင် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဆွမ်ပရာဘွမ်မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဦးဆောင်၍ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလံတင်၍ အလေးပြုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ
## ချစ်မေမေ ဒေါ်မြကြည်
## (မြို့သစ် ၃လမ်း ကျောက်မြောင်း ရန်ကုန်မြို့)

ချစ်မိခင်ကြီးရဲ့ ကျရောက်တဲ့ ၈၈ နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်း (၁၂၀)တိုင် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို နာကြားရင်း အသက်ရှည်ရှည် ကုသိုလ်ရရ ကျန်းမာစွာ လျှောက်လှမ်းနိုင်ပါစေ-

**သမီးကြီး-အေးအေးမာ**
**ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့**

## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့
## ပညာရပ်ဆိုင်ရာ ဟောပြောပွဲ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ပညာရပ်ဆိုင်ရာ ဟောပြောပွဲ အမှတ်စဉ်(၁/၂၀၂၀)ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆွေးနွေးမည့်ပုဂ္ဂိုလ်** - ဒေါက်တာ မောင်ကျော် အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

**ဆွေးနွေးမည့် အကြောင်းအရာ** - The Worries with Coal-fired Power Plants

**ကျင်းပမည့်နေ့ရက်** - ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၈ ရက် (ဗုဒ္ဓဟူးနေ့)

**ကျင်းပမည့်အချိန်** - ၁၄:၀၀နာရီ

**ကျင်းပမည့်နေရာ** - ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ

**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့**

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဖိတ်ကြားလွှာ

ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်)မှ အဌမအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ဆဌမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကော့သောင်းသူ၊ ကော့သောင်းသားများနှင့် အသင်းသူ၊ အသင်းသားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့)

**အချိန်** - မွန်းလွဲ ၂ နာရီမှ ၅:၀၀ နာရီထိ (မွန်းလွဲ ၁:၃၀နာရီအချိန်နေရာယူပေးပါရန်) အကျွေးအမွေးဖြင့် ဧည့်ခံပြီး၊ ကံစမ်းမဲ အစီအစဉ်ပါရှိပါသည်။

**နေရာ** - M-3 Food Center ဗဟန်းအားကစားဝင်းအတွင်း တော်လှန်ရေးပန်းခြံရှေ့၊ အနောက်ရွှေဂုံတိုင်၊ ရန်ကုန် (ကန်တော့ခံနှင့် ဂုဏ်ပြုချီးမြှင့်ခံရသူများ ကိုယ်တိုင်တက်ရောက်ပါရန်)

**အမှုဆောင်အဖွဲ့**
**ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်)**

## ဖိတ်ကြားလွှာ

St.Philomena's Convent နှင့် အထက (၂) စမ်းချောင်း၏ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာမကြီးများအား (၂၁)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစား ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉:၀၀ နာရီ

**နေရာ** - အထက(၂)စမ်းချောင်း၊ စပယ်ခန်းမ

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## (၂၀)ကြိမ်မြောက် ဖြူး အထက(၁)မြတ်ဆရာပူဇော်ပွဲနှင့် အမျိုးသားကျောင်း နှစ်(၁၀၀) ပြည့်ဖွင့်ပွဲခရီးစဉ်

ဖြူးအထက(၁) အမျိုးသားကျောင်းကြီး နှစ်(၁၀၀)ပြည့်ဖွင့်ပွဲကို ၁၈-၁-၂၀၂၀ ရက် (စနေနေ့) နံနက် ၈:၃၀ နာရီတွင် ဖွင့်ပွဲနှင့် ၂၀-၁-၂၀၂၀ ရက်(တနင်္လာနေ့)တွင် ပိတ်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသူ၊ ကျောင်းသားများအားလုံးပါဝင်ဆင်နွှဲနိုင်ရန်နှင့် ဆရာ၊ဆရာမကြီးများအတွက် မော်တော်ယာဉ်နှစ်စီးစီစဉ်ထားပါသဖြင့် လိုက်ပါလိုသူများ ၁၅-၁-၂၀၂၀ ရက် နောက်ဆုံးထား၍ ဖြူးမြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်များထံ စာရင်းပေးသွင်းနိုင်ပါသည်။

မော်တော်ယာဉ်ကို သစ္စာလမ်းနှင့်ဘုရားလမ်းထောင့်တောင်ဥက္ကလာပမှ စတင်ထွက်ခွာ၍ ၀၅:၀၀ နာရီ တက္ကသိုလ်မှော်ရုံရှစ်မိုင် သမားတော်ဆေးခန်းတို့တွင် လာရောက်စီးနင်းနိုင်ပါသည်။

ဆက်သွယ်ရန် - ဦးဂုဏ်ရင် ဖုန်း-၀၉-၅၄၁၂၄၆၁
ဦးစိုင်းမျိုးနိုင် ဖုန်း-၀၉-၅၀၂၉၅၂၉
ဦးကျော်ကြီး ဖုန်း-၀၉-၅၀၁၂၃၇၉

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

**ရွှေမန္တလေး Express ပိုင်ရှင်**

# ဒေါ်ငယ်ငယ်ထွေး အား

နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ

**“ သုဓမ္မဇောတိက ”** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**RED DRAGON PAY CO., LTD.**
**RED DRAGON FINANCE CO.,LTD.**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

# ဒေါ်ငယ်ငယ်ထွေး အား

နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ

**“ သုဓမ္မဇောတိက ”** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအတွက်

အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

**ရွှေမန္တလေး Express ခရီးသည်ပို့ဆောင်ရေး**

## အထက(၄)ကမာရွတ်၊ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အထက(၄) ကမာရွတ်၏ (၁၂) ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ (၁၂)ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး/ရပ်ဝေးမှ ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်နေ ဦးသံချောင်းမှ ကွင်း/အကွက်အမှတ်(၉-ရန်ကျော်မြောက်)၊ ဦးပိုင်အမှတ် ၃၉၅၊ ဧရိယာ ၀ဒသမ၀၆၀ကေရှိ မြေကွက်ကို ဦးဝတင်အမည်မှ ဦးသံချောင်းအမည်သို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ မြေငှား ဂရန်မိတ္တူမှန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား ဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ ရွာသစ်ပွဲကြိုရပ်ကွက်နေ ဦးနေမျိုးထက်မှ ကွင်း/အကွက်အမှတ်(၈-သံကြိုးရုံရပ်)၊ ဦးပိုင်အမှတ် ၂၈/၃၊ ဧရိယာ ၀ဒသမ၀၅၅ကေရှိမြေကွက်ကို ဒေါ်စိန်အမည်မှ ဦးနေမျိုးထက်အမည်သို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံခွဲစိတ်အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၂၂၃၉၊ ဧရိယာ ၀ဒသမ၀၈၂ကေရှိ ဒေါ်ကေဇင်အောင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်စန္ဒာဝင်း(ဘ)ဦးတင်ဝင်း ၈/မဘန(နိုင်)၀၆၅၂၀၃မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် ၄၄၈/၂၀၁၉၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာသာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ဂုဏ်တန်ရပ်၊ ဦးပိုင်အမှတ် ၁၂၊ မြေဧရိယာ ၀ဒသမ၀၈၃ ကေရှိ အစိုးရ(မြို့မြေ) မြေကွက်အား ဦးဉာဏ်ထွန်း(ဘ)ဦးကုလား ၉/လဝန(နိုင်) ၀၃၃၀၉၃မှ မြေဧရိယာ ၀ဒသမ၀၈၃ကေ အနက် ၀ဒသမ၀၄၁ကေကို တရားရုံးမှတ်ပုံတင် ကျမ်းကျိန်လွှာ ၈၁/၂၀၁၉၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်မူရင်းများတင်ပြ၍ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

# အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ

## ဒေါ်ကြည်ခင်

(ဒု-ဥက္ကဋ္ဌ၊ Original Group of Companies) သည်

## သီရိသုဓမ္မသင်္ဂဟတံဆိပ်

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသဖြင့် အထူးပင်လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Original Group of Companies
G-4 Mining Co., Ltd.
Mount Pleasant Hotel (Nay Pyi Taw)
Hotel Nwe Tha Ki (Nay Pyi Taw)
Performer Area Services Co., Ltd.
Eco Power Co., Ltd.
Arts of Beautiful Myanmar Co., Ltd.
Danasanyar Construction Co., Ltd.
OiAC ကိုယ်ပိုင်အထက်တန်းကျောင်း

---

### တစ်ဦးတည်းဖြစ်ကြောင်း

ဦးဘွဲ့ဝုန်၏သမီး ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဌာနခွဲစာရေး ဒေါ်သက်ဇွန်နှင့် ဒေါ်သွက်ဇွန် ၄/ဖလန(နိုင်)၀၀၆၀၁၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သက်ဇွန် (ခ) ဒေါ်သွက်ဇွန်**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်တင့်နိုင်ဝင်း ၈/မသန(နိုင်)၀၇၃၀၈၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၂၈၇၁၂၄၃**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေဠုကျော် ၈/မသန(နိုင်)၁၄၈၆၇၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၀၅၁၆၁၁၃**

### ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်သန်းထွန်းကျော်၈/မသန(နိုင်)၁၄၅၉၇၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၇၄၈၁၈၃၆**

### မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီး ၁၃၈၂ ခုနှစ် (၁၂၄)နှစ်မြောက် ဆွမ်းဆန်တော်အလှူပွဲကြီး လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေး(၇)မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံပုဂ္ဂိုလ်ပေါင်း (၆၀၀၀၀)ကျော်တို့အား မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီးမှ ၁၃၈၁-၈၂ ခုနှစ် (၁၂၄)နှစ်မြောက်အတွက် မဟာသံဃိကတဏ္ဍုလဒါန ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန်အတွက် အလှူရှင်များ၊ သင်းထောက်အဖွဲ့များမှ ပေးပို့လှူဒါန်းလျက်ရှိရာ ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်းလျက်ရှိပါသည်။

၅-၁-၂၀၂၀ ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလွန်ဆန်လှူသင်းထောက်အဖွဲ့များ အသီးသီးသို့ အလှူခံခရီးစဉ် စတင်ထွက်ခွာလျက်ရှိပါကြောင်း အသိပေး အကြောင်းကြား နှိုးဆော်အပ်ပါသည်။

**ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လှူအသင်းကြီး**
**မန္တလေးမြို့**

### ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၉ခုနှစ် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကြို့ပင်ကောက်မြို့သူ၊ မြို့သားများပြန်လည်တွေ့ဆုံလိုမှုအတွက် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။ အသင်းဝင်(အသင်းမဝင်သူများ) ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)
**အခမ်းအနားစတင်ချိန်** - နံနက် ၉နာရီမှ ၁၂နာရီအထိ
**ကျင်းပမည့်နေရာ** - အရိယာဓမ္မာရုံ၊ သစ္စာလမ်း၊ ရန်ကင်း၊ မိုးကောင်းစေတီဝင်း

၂၀၁၉ ခုနှစ် ဂုဏ်ထူးရ (တက္ကသိုလ်ဝင်တန်း)စာရင်းများ ၁၀-၁-၂၀၂၀ရက် နောက်ဆုံးထားစာရင်းပေးပါ။

| | |
|---|---|
| **ဒေါ်မာလာရည်** | ဖုန်း-၀၉-၇၉၅၃၆၃၂၉ |
| **ဦးငွေးဝင်း** | ဖုန်း-၀၉-၅၀၆၄၇၆၉ |
| **ဦးခင်မောင်ထွန်း** | ဖုန်း-၀၉-၄၂၅၀၂၅၀၃၂ |
| **ဒေါ်လှလှသန်း** | ဖုန်း-၀၉-၄၃၀၉၄၃၈၀ |

အလှူရှင်များကကြို့ပင်ကောက်အစားအစာ၊ ရန်ကုန်အစားအစာများနှင့် ဧည့်ခံကျွေးပါမည်။

**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/4481 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် BGO/3880 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော်မင်း ၇/ကကန(နိုင်)၀၀၈၁၃၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ပုံနှိပ်စက်များတွင် အသုံးပြုရန်အတွက် စက်အရန်ပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Koncept Web Offset | ၂၃ မျိုး |
| (ခ) | City Line Express Web Offset | ၅၉ မျိုး |
| (ဂ) | Orient Super Web Offset | ၆၆ မျိုး |
| (ဃ) | Colour King Web Offset | ၄ မျိုး |
| (င) | Goss Community Web Offset | ၁၇ မျိုး |
| (စ) | Compacta | ၁၃ မျိုး |
| (ဆ) | Toshiba | ၅ မျိုး |
| (ဇ) | Hidelberg | ၁၇ မျိုး |
| (ဈ) | KBA Rapida-66 | ၇ မျိုး |
| (ည) | Shino Hara-66 | ၁၄ မျိုး |
| (ဋ) | Miller | ၅ မျိုး |
| (ဌ) | Perfect Binder(SB,07) | ၃၆ မျိုး |
| (ဍ) | Horizon | ၁၀၃ မျိုး |
| (ဎ) | Economy | ၄၂ မျိုး |
| (ဏ) | SCM Wire Stitcher | ၄ မျိုး |
| (တ) | Double Head Stitcher | ၅ မျိုး |
| (ထ) | Single Head Stitcher | ၇ မျိုး |
| (ဒ) | Paper Cutting Machine | ၃ မျိုး |
| (ဓ) | Osako | ၆ မျိုး |
| (န) | Printing Down Frame | ၁ မျိုး |
| (မ) | CTP စက်အတွက် | ၁၃ မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၂၀ရက်မှ ၂၀-၁-၂၀၂၀ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၁-၂၀၂၀ရက်တွင် နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
